မြဝတီ နေ့စဉ်

သတင်းလောကရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၃၇)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၂၁ ရက်၊ စနေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်းစသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးစတင်ကျင်းပ

## နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးများကို မတ်လ ၃၀ ရက်တွင် စတင်ကျင်းပမည်

နေပြည်တော် မတ် ၂၀

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

**(ပြည်ထောင်စုလွှတ်တော်နာယက၏ နှုတ်ခွန်းဆက်စကား အပြည့်အစုံကို စာမျက်နှာ ၁၇ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် **စာမျက်နှာ ၁၆ ကော်လံ ၁ ➔**



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

**မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများကို အမေရိကန်ဒေါ်လာသာမက တရုတ်ငွေကြေးယွမ်နှင့်လည်း လက်ခံဆောင်ရွက်ပေးလျက်ရှိ** စာ - ၁၁ သို့




# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၂၁ ရက်)

## အမှောင်တွင်းမှ အလင်းသို့ဝင်လာသူများ၏အနာဂတ်

ဤလောက၌ဓမ္မနှင့်အဓမ္မတို့ယှဉ်ပြိုင်သည့်အခါတိုင်း နောက်ဆုံးတွင်ဓမ္မကသာအနိုင်ရရှိသည်မှာ မပြောင်းလဲသောအမှန်တရားဖြစ်သည်။ မြန်မာအဘိဓာန်တွင် ဓမ္မကို "ဟုတ်မှန်သောသဘော။ ဗုဒ္ဓ၏တရားတော်" ဟူ၍ဖွင့်ဆိုထားသလို အဓမ္မကို " မသူတော်တရား။ မတရားသောအမှု။ နိုင်ထက်စီးနင်း" ဟူ၍ဖွင့်ဆိုထားပါသည်။ မြန်မာနိုင်ငံတွင် တချို့သောအတ္တသမားများသည် ကိုယ်ကျိုးစီးပွားကိုရှေ့တန်းတင်၍ လူငယ်လူရွယ်များကို လမ်းမှားသို့ပို့ဆောင်ပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့်တရားမဲ့ပြုကျင့်မှုများသည် လွန်စွာထင်ရှားသည့်လုပ်ရပ်များဖြစ်သည်။ ဤအမှန်သတင်းကိုလူငယ်များမသိရှိစေရန် နည်းမျိုးစုံဖြင့်ဖုံးကွယ်ပြီး ဆူပူအကြမ်းဖက်မှုလုပ်ရပ်များကိုလုပ်ဆောင်စေခဲ့သည်။

မသိနားမလည်သောလူငယ်များသည် မသမာသူတို့၏ဆွဲဆောင်သိမ်းသွင်းခြင်းကိုခံရပြီး လက်နက်ကိုင်အကြမ်းဖက်များအဖြစ်သို့ရောက်ရှိသွားကြသည်။ အချို့သောလူငယ်များသည် မိဘဆွေမျိုးများနှင့်အကျပ်ကိုင်ကာစုဆောင်းခြင်းခံခဲ့ကြရသည်။ တောထဲတွင်သင်တန်းတက်ခိုင်းပြီး တိုက်ပွဲဝင်ခိုင်းခဲ့သည်။ အစားအသောက်အနေအထိုင်လွန်စွာဆင်းရဲပင်ပန်းလှသည်။ ထွက်ပြေးလျှင်လည်းပစ်သတ်ကြသည်။ လူငယ်များ၏ဘဝမှာဆုပ်လည်းစူး၊ စားလည်းရူးအခြေအနေသို့ရောက်ရှိသွားကြသည်။

တပ်မတော်စစ်ကြောင်းများက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့်နေရာများအား တစ်ခုပြီးတစ်ခုပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ခြင်းများကြောင့် ပြည်သူများအနေဖြင့် ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာအားပေးထောက်ခံမှု၊ ယုံကြည်အားကိုးမှု၊ တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့မှုများကြောင့် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် စိတ်ဓာတ်ကျဆင်းကာ ဆက်လက်ခုခံလိုခြင်းမရှိတော့သည့်အတွက် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ အေးချမ်းစွာနေထိုင်လိုကြသော PDF အမည်ခံအဖွဲ့ဝင်များသည် တပ်မတော်၏တိုက်စစ်ကိုခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာကြသည်။ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အပြည့်အဝယုံကြည်လက်ခံလာကြသည်။ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကိုနွေးထွေးစွာကြိုဆိုပြီး မိဘအုပ်ထိန်းသူများထံပြန်လည်လွှဲပြောင်းအပ်နှံပေးသည့်သတင်းများကို ကြားသိလာကြသည်။

တောထဲတွင်ဆက်လက်ပြီးလက်နက်ကိုင်ဆောင်ခြင်းမပြုလိုတော့ပေ။ ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ မိဘဆွေမျိုးများနှင့် အေးချမ်းပျော်ရွှင်စွာနေထိုင်လိုကြသည်။ ထို့ကြောင့် လမ်းမှားသို့ ရောက်သွားကြသူလူငယ်များအနေဖြင့် ဥပဒေဘောင်အတွင်းသို့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည်ဝင်ရောက်လျက်ရှိရာ သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူများကအသီးသီးကြိုဆိုလက်ခံခဲ့ကြသည်။ မတ်လ ၁၉ ရက်နေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ အမြို့မြို့အနယ်နယ်မှအမျိုးသား ၄၅၃ ဦးနှင့် အမျိုးသမီး ၅၃ ဦး စုစုပေါင်း ၅၀၆ ဦးတို့သည် လက်နက်မျိုးစုံ ၇၈ လက်နှင့် လက်ပစ်ဗုံး/ဗုံးသီး ၃၈ လုံး၊ စကားပြောစက် ၃ လုံး၊ ကျည်အိမ်မျိုးစုံ ၅၀ ခု၊ ကျည်မျိုးစုံ ၃၃၆၂ တောင့်၊ မိုင်းမျိုးစုံ ၁၄ လုံး၊ ကျည်ကာအင်္ကျီ ၁ ထည်၊ ကျည်ကာဦးထုပ် ၅ လုံးတို့နှင့်အတူ ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသည်။

နိုင်ငံတော်မှဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများကို ၎င်းတို့နှင့်အတူပါရှိလာသည့် မောင်းပြန်ရိုင်ဖယ်သေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်း၊ RPG တစ်လက်အတွက် ဆုကြေးငွေကျပ် ၇၅ သိန်းနှုန်း၊ လက်လုပ်သေနတ်တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ် ၅ သိန်းနှုန်း၊ လက်ပစ်ဗုံး/ ဗုံးသီးတစ်လုံးစီအတွက် ဆုကြေးငွေကျပ် ၃ သိန်းနှုန်း၊ စကားပြောစက်တစ်လုံးအတွက် ဆုကြေးငွေကျပ် ၂ သိန်းနှုန်း၊ ကျည်ကာအင်္ကျီတစ်ထည်လျှင် ဆုကြေးငွေကျပ် ၂ သိန်းနှုန်း၊ ကျည်ကာဦးထုပ်တစ်လုံးလျှင် ဆုကြေးငွေကျပ် ၂ သိန်းနှုန်းနှင့် အလင်းဝင်ရောက်လာသူများအား တစ်ဦးလျှင် ငွေကျပ် ၁ သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၂၀၀၀ ခန့်နှင့် ထောက်ပံ့ပစ္စည်းများကိုပေးအပ်သည်။ ဥပဒေဘောင်အတွင်းဝင်ရောက်လာခဲ့ကြသူများ၏ ရင်တွင်းစကားသံများကိုလည်း သတင်းနှင့်အတူဖော်ပြပေးထားပြီးဖြစ်သည်။အမှောင်တွင်းမှ အလင်းသို့ဝင်လာသူများ၏အနာဂတ်မှာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ကောင်းမွန်သောအနာဂတ်ကိုပိုင်ဆိုင်ခွင့်ရရှိတော့မည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး။




## စားသောက်ကုန်များကို ကျန်းမာရေးနှင့်အညီ ရောင်းချမှုရှိ၊ မရှိ စစ်ဆေး

နေပြည်တော် မတ် ၂၀

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် အင်ကြင်းဈေးရှိ ဈေးရုံအတွင်းဆိုင်ခန်းများနှင့် ပြင်ပဈေးဆိုင်တန်းများ၌ မတ်လ ၁၉ ရက်တွင် စားသောက်ကုန်များကို ကျန်းမာရေးနှင့်အညီ ရောင်းချမှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါစစ်ဆေးခြင်းကို ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဦးသက်တင်အောင်၊ ဇမ္ဗူသီရိမြို့နယ်စည်ပင်သာယာရေးမှ အင်ကြင်းဈေးတာဝန်ခံ ဦးခင်မောင်ထွေး၊ ကျန်းမာရေးဦးစီးဌာန(ခုတင်-၅၀)မှ ဌာနခွဲစာရေးကြီး ဦးကျော်ထက်အောင်နှင့်တာဝန်ရှိသူတို့သည် ဈေးရုံ(၁)၊ ဈေးရုံ(၂)တို့အတွင်းရှိ ထုပ်ပိုးပြီး အသင့်စားသောက်ကုန်ဆိုင်များ၊ ဈေးရုံအပြင်ရှိ အသီးအရွက်နှင့် အသားငါးဈေးတန်းများကို ကျန်းမာရေးနှင့်အညီရောင်းချမှုရှိ၊ မရှိ၊ အသင့်စားသောက်ကုန်များ သတ်မှတ်ချက်နှင့် ညီ၊ မညီ၊ စားသုံးရန်သင့်၊ မသင့်တို့ကို စစ်ဆေးကြသည်။

အလားတူ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ချယ်ရီဈေးရှိဈေးရုံ(၁)၊ ဈေးရုံ(၂)တို့အတွင်းရှိထုပ်ပိုးပြီး အသင့်စားသောက်ကုန်ဆိုင်များ၊ ဆေးဆိုင်များနှင့် ဈေးရုံအပြင်ရှိအသီးအရွက်ဆိုင်များကို တာဝန်ရှိသူများနှင့်အတူ စစ်ဆေးခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၄၀၂)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ



**ဘားအံ မတ် ၂၀**

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူ ၂၃ ဦးအနက် ပျက်ကွက်သူမရှိ ရာနှုန်းပြည့်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘားအံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမြင့်ဦးအား သဘာပတိအဖြစ်တင်မြှောက်ကြပြီး သဘာပတိက လွှတ်တော်ရှေ့မှောက်တွင်ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကာ သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း သဘာပတိကကြေညာပြီး သဘာပတိရှေ့မှောက်တွင် လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြကာ သဘာပတိက အစည်းအဝေးကိုကြီးကြပ်၍ လွှတ်တော်ဥက္ကဋ္ဌအဖြစ် သံတောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစန်းကိုအားလည်းကောင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် မြဝတီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) မှ ဦးအေးမင်းထွေးအားလည်းကောင်း အမည်စာရင်းသွင်းထောက်ခံ၍ တင်မြှောက်ကြသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုး၍ သဘာပတိက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား လွှတ်တော်အစည်းအဝေးဆိုင်ရာ လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ်ကာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကိုက နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။


**ခရိုင်(ပြန်/ဆက်)**

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**တောင်ကြီး မတ် ၂၀**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှဦးလင်းအောင်ဆွေအား သဘာပတိအဖြစ်ရွေးချယ်တင်မြှောက်ကြပြီး သဘာပတိက လွှတ်တော်၏ရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကာ သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားသည်။



ထို့နောက် အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း သဘာပတိကကြေညာပြီး သဘာပတိရှေ့မှောက်တွင် လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြကာ သဘာပတိက အစည်းအဝေးကိုကြီးကြပ်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံကျော်အားလည်းကောင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းထွန်းစိန်အားလည်းကောင်း အမည်စာရင်းသွင်းထောက်ခံ၍ တင်မြှောက်ကြသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင်လက်မှတ်ရေးထိုး၍ သဘာပတိက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား လွှတ်တော်အစည်းအဝေးဆိုင်ရာ လုပ်ငန်းတာဝန်များကိုလွှဲပြောင်းပေးအပ်ကာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်က နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပန်းတောင်းမြို့နယ်၌ နွေစပါးဧက ၁၄၅၀ လျာထားစိုက်ပျိုးလျက်ရှိ



**ပန်းတောင်း မတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ နွေစပါးများကိုမြစ်ရေတင်စနစ်ခြောက်ခု၊ ဆည်ရေနှစ်ခုတို့မှရသော မြစ်ရေနှင့်ဆည်ရေများသုံးကာ နွေစပါးဧက ၁၄၅၀ လျာထား၍ ယနေ့ထိ ၁၀၂၃ ဧကစိုက်ပျိုးပြီးဖြစ်ပြီး လျာထားဧကပြည့်မီရေးအတွက် တောင်သူများကဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် ဒေသခံတောင်သူများအနေဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းအပြင် Drum Seeder (မျိုးစေ့ချကိရိယာ)အသုံးပြု၍ စိုက်ပျိုးခြင်းများကိုလည်း ကျယ်ပြန့်စွာ အသုံးပြုစိုက်ပျိုးလျက်ရှိကြောင်း၊ ထိုသို့ စိုက်ပျိုးခြင်းမှာ မျိုးစေ့ဖြန့်ချိမှုကို တိကျမှန်ကန်စေသည့်အတွက် လယ်ယာထုတ်လုပ်မှု တိုးတက်လာစေရန် အထောက်အကူပြုကြောင်း တောင်သူများထံမှသိရသည်။

ထို့ပြင် ဆည်ရေနှင့်မြစ်ရေများကို ထိရောက်စွာ အသုံးချနိုင်ခြင်းကြောင့် နွေစပါးစိုက်ပျိုးဧရိယာများတိုးချဲ့လာပြီး ဒေသတွင်းစားရေရိက္ခာဖူလုံရေးအတွက် အရေးပါသောအခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှလည်း နည်းပညာများပံ့ပိုးပေးလျက်ရှိပြီး နွေစပါးထွက်ရှိမှု တိုးတက်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။**လပြည့်လင်း(ပြန်/ဆက်)**

(၈၁)နှစ်မြောက် တပ်မတော်နေ့အကြိုဂုဏ်ပြုကဗျာ

## မရှိမဖြစ် "အား"

✤ တို့ပြည်မြန်မာ၊ ဤကမ္ဘာဝယ်
ထည်ဝါခံ့ညား၊ ရပ်တည်အားဖြင့်
ဝင့်ကြွားနိုင်မှု၊ သုံးသပ်ပြုလျှင်
ပြည်သူ့တပ်မတော်ကြောင့်သာတည့်...။

✤ တပ်မတော်သာ၊ မရှိပါမူ
ကာကွယ်ရေးအား၊ ချည့်နဲ့သွား၍
စော်ကားကျူးကျော်၊ ကိုယ့်မြေပေါ်သို့
ခြေတော်တင်ရန်၊ အကောက်ကြံမည့်
ရန်သူတွေအား၊ ကြံ့လာငြားသော်
ဟန့်တားတွန်းလှန်၊ တိုက်ထုတ်ရန်တွက်
အမှန်ခက်ခဲပေလိမ့်မည်။

✤ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့်
စံမြန်း၍လာ၊ တို့မြန်မာ၏
ထည်ဝါဂုဏ်ရောင်၊ မေးမှိန်မှောင်ရ
ကုန်းဘောင်ခေတ်နှောင်း၊ သမိုင်းကြောင်းကို
ပြန်ပြောင်းကာမှန်း၊ မြင်ကြည့်စမ်းသော်
နန်းတွင်းရေးရာ၊ ရှုပ်ထွေးလာ၍
ကာကွယ်ရေးအား၊ လျော့ရဲသွားစဉ်
တို့များမြေပေါ်၊ ကျူးကျော်တွယ်ဖဲ့
နယ်ချဲ့၏ရန်၊ တို့တွန်းလှန်ရာ
ခုခံနိုင်အား၊ လျော့နည်းပါးကာ
တို့များရှုံးနိမ့်ခဲ့ရသည်။

✤ တိုင်းတစ်ပါးအောက်၊ တို့ကျရောက်ပြီး
လွတ်မြောက်လိုလှ၊ စိတ်ပြင်းပြစွာ
ထကြွပုန်ကန်၊ အဖန်ဖန်နှင့်
တော်လှန်သမျှ၊ အစုစုတို့
ပြုပါသော်လည်း၊ ရှုံးနိမ့်မြဲတွင်
အောင်ပွဲရလဒ်၊ အထွတ်မြတ်အား
တပ်မတော်ဖွဲ့ကာ၊ တိုက်ထုတ်ပါမှ
ပြည်ရွာလွတ်လပ်ခဲ့ခြင်းပင်။

✤ သြော်...
စွမ်းပကားစိတ်ဓာတ်၊ ကောင်းမွန်မြတ်ဖြင့်
လွတ်လပ်ပြီးစ၊ ချိန်ကာလမှ
အစပြုကာ၊ ခုချိန်ခါထိ
ချုပ်ခြာထိပါး၊ သောင်းကျန်းအားတွေ
ကြံ့ငြားခဲ့ရာ၊ များပြားပါလည်း
သေမှာမမှု၊ စွန့်စားပြု၍
ပြည်သူ့ကိုယ်စား၊ ပြည့်ရန်များကို
ဖယ်ရှားပေးနေ တပ်မတော်ကား။
တို့ပြည်အတွက် မရှိမဖြစ် "အား"။
ညွှန်းဆိုပြုဖွယ်ပါတကား။ ။

**မနေသစ်(ပခုက္ကူ)**

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'မေမေ့ကိုခေါ်ပေးပါ မမသက်'

'ကလေးရယ်'

သက်သက်သည် မျက်တောင်တဖျပ်ဖျပ်ခတ်၍ မျက်ရည်ကိုထိန်းထားရသည်။ အထီးကျန်ကလေးငယ်၏စိတ်သည် မိခင်ကိုစွဲလမ်းမှုနှင့် ယောက်ယက်ခတ်လျက်ရှိချေပြီ။

'ဟေး သား နေကောင်းပြီလားကွ'

ဒေါက်တာကျော်မောင်သည် ထွန်းကို ပြုံးရွှင်စွာနှုတ်ဆက်သည်။ ဆရာဝန်ရောက်လာသဖြင့် သက်သက်သည် အသာနောက်ဆုတ်လိုက်သည်။

'သား မုန့်စားမလား၊ ဘောလုံးယူမလား'

'မေမေ့ကိုခေါ်ပေးပါ'

ဆရာဝန်က သူ့အိတ်ထဲမှမုန့်ကိုထုတ်ကာပေးသော်လည်း ထွန်းက လှမ်းမယူချေ။ ခေါင်းကိုခါယမ်းရင်း ရှိုက်နေသည်။

'သားသား မေမေက ဘယ်သွားလို့လဲ'

'ကြံတောကို'

'ဟာ'

'မေမေ အိပ်ပျော်နေတော့ ကြံတောကိုပို့ထားတယ်တဲ့၊ နာနီက ပြောတယ်၊ ဦးဦး သွားခေါ်ပေးပါလား'

'အေး၊ သွားခေါ်ပေးမယ်၊ သားသား မငိုနဲ့တော့နော်၊ အောင်မာ ငါ့သားက လူချောပါလားဟ၊ ကြည့်စမ်း မျက်တောင်ကြီးတွေကို ရှည်လို့ကော့လို့၊ သားမှာ အစ်မ မရှိဘူးလားဟင်၊ ဦးဦးကိုပေးမလားကွ'

ဆရာဝန်သည် လိမ္မာပါးနပ်စွာ စကားလွှဲသည်။ သူ့အိတ်ကိုဖွင့်ကာ အထဲမှ ဘောလုံးလေးများ၊ အရုပ်လေးများကိုထုတ်ကာ လှမ်းပေးလေသည်။ ကလေးဆေးရုံတွင် တာဝန်ကျဆရာဝန်များနှင့် ကလေးအထူးကုဆရာဝန်များသည် ပြဒါးတိုင်၊ နားကြပ်၊ ဆေးထိုးအပ်တို့ထက် မုန့်လက်ညှိုး၊ ချိုချဉ်၊ ဘောလုံး၊ အရုပ်ကားလေးများကို ဦးစားပေးပြီး သယ်ယူလာလေ့ရှိသည်။ သက်သက်တို့သူနာပြုလေးများကို သင်ပြသူဆရာကလည်း ကလေးငယ်များအား သားဟူ၍၊ သမီးဟူ၍ တရင်းတနှီးခေါ်ရန်ပြောခဲ့သည်။

'မမရှိတယ်'

'လှလား'

'လှတယ်'

'ဘယ်မလဲကွ၊ ဦးဦးကိုပြပါဦး'

'မမက လာပါဘူး ဦးဦးရယ်'

သက်သက်၏ရင်ထဲတွင် ကျင်ခနဲဖြစ်သွားသည်။ ကလေးငယ်၏ဝေဒနာကို တစ်ဝက်တစ်ပျက်ကလေး လှမ်း၍မြင်လိုက်သည်။ စိန်ပေါ၊ ရွှေပေါ၊ ငွေပေါသော သူ့ဘဝအထီးကျန်လေးတွင် မေတ္တာကား ရှားပါးလှဟန်တူလေသည်။ သက်သက်သည် ထိုနေရာမှ တိတ်တိတ်ဆိတ်ဆိတ်လေး ထွက်လာမိသည်။

ထို့နောက် သူ၏ဦးနှောက်က တားနေသော်လည်း ကြင်နာတတ်သော နှလုံးသားက တိုက်တွန်းလှသောကြောင့် စုလှိုင်ဆီသို့ တယ်လီဖုန်းဆက်ပြီး ဆက်သွယ်မိခဲ့လေသည်။

> **"ကလေးဆေးရုံတွင် တာဝန်ကျဆရာဝန်များနှင့် ကလေးအထူးကုဆရာဝန်များသည် ပြဒါးတိုင်၊ နားကြပ်၊ ဆေးထိုးအပ်တို့ထက် မုန့်လက်ညှိုး၊ ချိုချဉ်၊ ဘောလုံး၊ အရုပ်ကားလေးများကို ဦးစားပေးပြီး သယ်ယူလာလေ့ရှိသည်။ သက်သက်တို့သူနာပြုလေးများကို သင်ပြသူဆရာကလည်း ကလေးငယ်များအား သားဟူ၍၊ သမီးဟူ၍ တရင်းတနှီးခေါ်ရန်ပြောခဲ့သည်. . ."**

'ဟင် သက်သက်လား၊ ဘာကိစ္စရှိလို့လဲဟင်'

'ထွန်း ဆေးရုံတက်နေရတယ်လေ၊ ကလေးဆေးရုံမှာ၊ အဲဒါသက်နဲ့ အခုပဲတွေ့တယ်၊ ယူမသိဘူးလား စုလှိုင်'

'အင်း သိပါတယ်'

'လာရော မလာဘူးလားဟင်'

သက်သက်က စိတ်အားထက်သန်စွာပြောသောအခါ တစ်ဖက်မှ စုလှိုင်၏အသံလေးသည် ငြိမ်ကျသွားသည်။ မျက်မှောင်လေး မသိမသာချီရင်း တွေတွေကလေးဖြစ်နေမည့် စုလှိုင်ကို သက်သက်မှန်းဆ၍ကြည့်မိသည်။

'လာဖို့ ကောင်းပါတယ်ကွယ်'

'စု မအားဘူး သက်သက်၊ ယူမသိဘူးလား၊ အခု တက္ကသိုလ်ရွှေရတုသဘင်ပွဲလေ၊ စုတို့ မုန့်ရောင်းရဦးမယ်'

သက်သက်သည် ပင့်သက်လေးရှိုက်လိုက်မိသည်။ သိပါသည်။ ရန်ကုန်တက္ကသိုလ်၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အထိမ်းအမှတ်ကို ခြိမ့်ခြိမ့်သဲကျင်းပနေကြောင်း သိပါသည်။ အမာညို၊ ပေါက်ကျိုင်းနှင့် ညီလင်းတို့သုံးဦးစလုံး ပို့စကတ်များကို အားတက်သရောရောင်းနေသဖြင့် သက်သက်ခမျာ ငါးကျပ်ဖိုးခန့် ဝယ်ခဲ့ရပြီးဖြစ်သည်။ ထို့ပြင် သက်သက်တို့နှင့် အများဆုံးနီးစပ်သော ဆေးတက္ကသိုလ်ကလည်း ကြာဆံဟင်းခါးရောင်းမည်ဆိုသဖြင့် ဟင်းခါးလက်မှတ်များကို တစ်စောင်တစ်ကျပ်နှင့် ကြိုတင်ဝယ်ခဲ့ရသေးလေသည်။ မည်သို့ပင်ဆိုစေ တက္ကသိုလ်ပွဲ မည်မျှစည်ကားနေပါစေ၊ သက်သက်အတွက်မူ ရွှေရတုသဘင်ပွဲထက် စိတ်ပျက်အားငယ်နေသော ကလေးငယ်က ပို၍အရေးကြီးလေသည်။

'ပွဲက ညနေပိုင်းမှ လူစည်တာပဲ စုလှိုင်ရယ်၊ ကလေးက သိပ်အားငယ်နေလို့ပါ၊ ခဏလောက်မလာနိုင်ဘူးလား'

'သူ့နာနီ ပါတာပဲ၊ ဘာအားငယ်စရာလိုလဲ'

'မတူပါဘူး စုလှိုင်ရယ်'

'ကိုယ်က လာကြည့်တော့ရော ဘာလုပ်တတ်တာလိုက်လို့၊ ညကြီးမိုးချုပ် မိုးရွာထဲထွက်လို့ ဖျားတဲ့သူကို စုက ဘာလုပ်ပေးရမှာလဲ'

စုလှိုင်၏အသံက မာဆတ်ဆတ်လေးဖြစ်နေသည်။ သက်သက်ဒေါကလေးထလာပြီး တယ်လီဖုန်းခွက်ကို ချလိုက်တော့မည်ဟု စိတ်ကူးမိသေးသည်။ သို့သော် ထွန်း၏မျက်နှာညှိုးညှိုးလေးကိုမြင်ယောင်လာသဖြင့် လေပျော့ကလေးနှင့် ထပ်၍ပြောခြင်းဖြစ်သည်။

'စုလှိုင်လာတယ်ဆိုရင် သူအားတက်သွားမှာပေါ့ကွယ်'

'အိုကွယ် စုက သူ့ကို ဘာဆေးပေးနိုင်တာလိုက်လို့'

'ဆေးထက်စွမ်းတာပေးနိုင်တယ် မဟုတ်လား'

'ဘာလဲ'

'မေတ္တာလေ'

ကတုန်ကယင်လေး ပင့်သက်ရှိုက်လိုက်သောအသံကို သက်သက်ကြားလိုက်ရသည်။ ထို့နောက် သရော်သံလား၊ ငိုရှိုက်သံလား မကွဲပြားသောအသံလေးဖြင့် ရယ်လိုက်သံကို ဆက်၍ကြားရသည်။

'သူ့ကိုပေးစရာ မေတ္တာဆိုတာ စုမှာမှမရှိတာ'

စုလှိုင်က တယ်လီဖုန်းခွက်ကို အလျင်ဦးအောင် ချသွားခဲ့သည်။ သက်သက်သည် အတန်ကြာအောင် ငိုင်နေမိသည်။ မကျေနပ်စိတ်လေးများ တဖွားဖွားထလာပြီး ကိုကို့အား သတိရလာသည်။ 'ကိုကို့ရဲ့စုလှိုင်က နည်းနည်းမှ စိတ်ကောင်းမရှိဘူး'ဟု ကုလားမနိုင် ရခိုင်မဲပြီး စကားနာထိုးချင်စိတ်ပေါက်လာသည်။ ထိုသို့ပြောလျှင်လည်း ကိုကိုက 'ကိုကို့ရဲ့စုလှိုင်မဟုတ်ပါဘူး သက်ရယ်၊ သက်သူငယ်ချင်း စုလှိုင်ပါ' ဟု လှီးလွှဲပြီး ပြောမည်ကို ကြိုတင်ကြားယောင်နေသည်။

'ဟေ့ မိသက်ကြီး ဂျူတီပြီးရင် ခေတ်ပုံပြပွဲသွားကြည့်ရအောင်လေ'

'ဘယ်မှာလဲ'

'လိပ်ခုံးမှာ'

ဦးစိတ်တိုသည် သက်သက်၏ ဘေးမှလျှောက်၍ လိုက်လာသည်။ အင်္ကျီဖြူပေါ်တွင် ဆွယ်တာနီနီလေးထပ်ဝတ်ထားသဖြင့် တစ်ကိုယ်လုံးနီကာ အနီရောင်မလေးဖြစ်နေသည်။ ဘေးဘက်မှဖြတ်သွားသောဆေးကျောင်းသားတစ်ဦးက 'ဟာ စာတိုက်ပုံးက ဒီရောက်နေတာကိုး' ဟု ရယ်မောနောက်ပြောင်သွားသည်။

'ချမ်းလိုက်တာဟယ် လွန်ရော၊ ဆောင်းတွင်းကြီးကို ဘာလို့မိုးရွာနေတယ်မသိဘူး၊ အေးစိမ့်နေတာပဲ'

ဒီဇင်ဘာလကြီးတွင် မိုးရွာသဖြင့် စိမ့်စိမ့်အေးနေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## သထုံမြို့နယ်၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အခမ်းအနားကျင်းပ

သထုံ မတ် ၂၀

မွန်ပြည်နယ် သထုံခရိုင်၏ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ်လ ၂၀ ရက်တွင် သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က သစ်တောများ ရေရှည်တည်တံ့ခြင်းသည် နိုင်ငံ့စီးပွားရေးခိုင်မာတောင့်တင်းရေးအတွက် အရေးပါသောအခြေခံအုတ်မြစ်ဖြစ်သောကြောင့် သစ်တောများနှင့် စီးပွားရေး(Forests and Economies) ဟူသည့် ဆောင်ပုဒ်နှင့်အညီ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အားလုံးက ထိန်းသိမ်းစောင့်ရှောက်ပေးကြစေလိုကြောင်း ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အသိပညာပေးရုပ်သံမှတ်တမ်းအားပြသပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သစ်တောများပြုစုထိန်းသိမ်းရေး သိမှတ်ဖွယ်ရာပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါအခမ်းအနားသို့ သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

## အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်သည့်စနစ် လက်တွေ့သရုပ်ပြသ

စစ်ကိုင်း မတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကြီးမှူး၍ အမှိုက်ခွဲခြားစွန့်ပစ်သည့်စနစ် လက်တွေ့သရုပ်ပြသပွဲကို မတ်လ ၂၀ ရက်တွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိမိကျော်က အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်သည့်စနစ်အကြောင်း အသိပညာပေးဆွေးနွေးကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်သည့်စနစ်ကို လက်တွေ့သရုပ်ပြသကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများက အမှိုက်အမျိုးအစား ခွဲခြားစွန့်ပစ်သည့်စနစ်ကို လက်တွေ့လုပ်ဆောင်ကြသည်။ ယင်းနောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား အမှိုက်ပုံးများ ပေးအပ်ကာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## နိုင်ငံတော်နဲ့ပြည်သူအတွက် စွမ်းစွမ်းတမံကာကွယ်စောင့်ရှောက်

ဒို့တပ်မတော်အနေနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကာလကနေ လက်ရှိအချိန်အထိ ခေတ်အဆက်ဆက်မှာ ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာမယ့်အန္တရာယ်တွေနဲ့ကြုံတွေ့လာရတိုင်း နိုင်ငံတော်နဲ့ပြည်သူအတွက် စွမ်းစွမ်းတမံကာကွယ်စောင့်ရှောက်ပေးခဲ့သလို အနာဂတ်ကာလမှာလည်း ဆက်လက်ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှကောက်နုတ်ချက်)

၂၇-၃-၂၀၂၅



## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအားကြည့်ရှုအားပေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး သပိတ်ကျင်းမြို့နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

နေပြည်တော် မတ် ၂၀

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေး ရုံများ၌ အရာရှိ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံအတွက် အလှူငွေများ ပေးအပ်ခဲ့သည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့်တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံအသီးသီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် မတ် ၂၀

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုအလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ပြည့်စုံလင်း၊ တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်မင်းမင်းစိုးနှင့် စစ်ကြောင်းမှူးများ၊ စေတနာရှင်အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုအလှူငွေစုစုပေါင်း ငွေကျပ်(၄၅၈၁၉၃၀၀၀၀) (ကျပ်သိန်းလေးသောင်းငါးထောင်ရှစ်ရာတစ်ဆယ့်ကိုးသိန်းသုံးသောင်းတိတိ)ကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ဗိုလ်ချုပ်ပြည့်စုံလင်း၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်စန်းယုနိုင်၊ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်မင်းမင်းစိုးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် တာဝန်ရှိသူများ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်စဉ်။




(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းရာ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ပြည့်စုံလင်းက လက်ခံရယူစဉ်။




(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းရာ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်မင်းမင်းစိုးက လက်ခံရယူစဉ်။

ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ပြည့်စုံလင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဂုဏ်ပြုအလှူငွေ ပေးအပ်လှူဒါန်းပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်အဖွဲ့ဝင်များက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာ(အခြေခံ)သင်တန်းနှင့် ကွန်ပျူတာသင်တန်းများဖွင့်လှစ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာ(အခြေခံ)သင်တန်းနှင့် ကွန်ပျူတာသင်တန်းများဖွင့်ပွဲကျင်းပစဉ်။

နေပြည်တော် မတ် ၂၀

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေးအတွက် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာ(အခြေခံ)သင်တန်းနှင့်ကွန်ပျူတာသင်တန်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား ကျောင်းသား၊ ကျောင်းသူနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ရှမ်းပြည်နယ်) YMBA ဥက္ကဋ္ဌမှ ကျောင်းသား၊ ကျောင်းသူများအတွက်အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာအုပ်များနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဓမ္မစကူးကော်မတီဥက္ကဋ္ဌမှ ကျောင်းသား၊ ကျောင်းသူများအတွက် ချီးမြှင့်ငွေနှင့် ဓမ္မစကူးစာအုပ်များ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူသည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၁၇၆ ဦးဖြင့်လည်းကောင်း၊ အင်္ဂလိပ်စာ(အခြေခံ) သင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၅၈ ဦးဖြင့်လည်းကောင်း၊ ကွန်ပျူတာသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၆၉ ဦးဖြင့်လည်းကောင်း မေလ ၁၈ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ထူးခြားသည့် နေ့အပူချိန်များ

၂၀-၃-၂၀၂၆

| | | | |
|---|---|---|---|
| ချောက် ၄၀ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | ဇောင်းတူ ၃၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | ဘားအံ ၃၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | ဘားအံ ၃၈ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| အောင်လံ ၃၉ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် | မင်းဘူး ၃၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | (စိုက်ပျိုးရေးမိုးလေဝသ) | တောင်တွင်းကြီး ၃၈ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| | မြင်းမူ ၃၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | ကျောက်ရိတ် ၃၈ ဒသမ ၉ ဒီဂရီဆဲလ်စီးယက် | ဆင်ဖြူကျွန်း ၃၈ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |

# အစားအစာများတွင် မိုက်ခရိုပလတ်စတစ်ပါဝင်မှုလျှော့ချနိုင်သောနည်းလမ်းများ

မျက်မှောက်ခေတ်တွင် မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုသည် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာစိုးရိမ်စရာများထဲမှ တစ်ခုဖြစ်သည်။ မိုက်ခရိုပလတ်စတစ်များဖြင့် ညစ်ညမ်းသောအစားအစာများကို စားသုံးမိခြင်း၏ ကျန်းမာရေးဆိုင်ရာအကျိုးသက်ရောက်မှုများကို လေ့လာနေဆဲဖြစ်သော်လည်း ကျွမ်းကျင်သူများသည် မိုက်ခရိုပလတ်စတစ်အမှုန်များကြောင့် လူ့ခန္ဓာကိုယ်အတွင်းရောင်ရမ်းမှု၊ ပလတ်စတစ်အမှုန်အမွှားများ၊ ဓာတုညစ်ညမ်းပစ္စည်းများတွယ်ကပ်မှုနှင့် အစားအစာတွင် ပလတ်စတစ်များပျံ့နှံ့မှုအပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်စေလျက်ရှိသည်။

မိုက်ခရိုပလတ်စတစ်များသည် ၅ မီလီမီတာထက်သေးငယ်သောပလတ်စတစ်အမှုန်အမွှားများဖြစ်ပြီး ယခုအခါ ကျန်းမာရေးနှင့်ညီညွတ်သည်ဟုယူဆသောအစားအစာများစွာတွင် တွေ့ရှိနိုင်ကြောင်း လေ့လာမှုများက ဖော်ပြသည်။ မိုက်ခရိုပလတ်စတစ်များသည် ပင်လယ်ဆား၊ ပင်လယ်စာ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များနှင့် ပျားရည်တို့တွင်ပင် တွေ့ရှိနိုင်သည်။ မိုက်ခရိုပလတ်စတစ်များသည် ညစ်ညမ်းသောရေ၊ လေ၊ ထုပ်ပိုးမှုနှင့် အစားအစာပြုပြင်ထုတ်လုပ်ခြင်းတို့မှ ဖြစ်ပေါ်လာသည်။

အစားအစာများ၏အာဟာရကို ထိန်းသိမ်းရုံသာမက မိုက်ခရိုပလတ်စတစ်စားသုံးမှုကိုလည်း လျှော့ချပေးနိုင်သည့် ရိုးရှင်းသောအလေ့အကျင့်များနှင့် နေ့စဉ်ပြောင်းလဲမှုအနည်းငယ်ပြုလုပ်ခြင်းဖြင့် မိုက်ခရိုပလတ်စတစ်များနှင့် ထိတွေ့မှုကိုလျှော့ချနိုင်သည်။

### နေ့စဉ်အစားအစာများတွင် မိုက်ခရိုပလတ်စတစ်များအကြောင်းလေ့လာမှုများ

၂၀၂၂ ခုနှစ် ဇူလိုင်လက Springer Nature မှထုတ်ဝေသော သုတေသနပြုချက်အရ လူအများစု မကြာခဏစားသုံးလေ့ရှိပြီး ပြုပြင်ထုပ်ပိုးထားသောအစားအစာထုတ်ကုန်များတွင် အဓိကအားဖြင့် တွေ့ရှိရပြီး လူများကို သတိမမူမိဘဲ ထိတွေ့စေနိုင်သည်။ သိပ္ပံနည်းကျလေ့လာမှုများအရ လူအများစု နေ့စဉ်စားသုံးသော အစားအစာအမျိုးမျိုးတွင် သေးငယ်သောပလတ်စတစ်အမှုန်အမွှားများကို ရှာဖွေတွေ့ရှိခဲ့သည်။ ၂၀၂၂ ခုနှစ်က စီးပွားဖြစ်ရရှိနိုင်သောဆားများကို ခွဲခြမ်းစိတ်ဖြာသည့် လေ့လာမှုတစ်ခုတွင် ပင်လယ်ဆားနှင့် ကျောက်ဆားနှစ်မျိုးစလုံး၌ မိုက်ခရိုပလတ်စတစ်များကိုတွေ့ရှိကြောင်း တိုင်းတာသိရှိခဲ့သည်။ မိုက်ခရိုပလတ်စတစ်များသည် ညစ်ညမ်းသောပတ်ဝန်းကျင်၊ စက်မှုလုပ်ငန်းဆိုင်ရာပြုပြင်မှုနှင့် ပလတ်စတစ်ထုပ်ပိုးမှုများကြောင့် အစားအစာ၏ အစိတ်အပိုင်းတစ်ခုဖြစ်လာနိုင်ကြောင်း ဖော်ပြထားသည်။ လတ်ဆတ်ပြီး ပြုပြင်မှုနည်းသောအစားအစာများကိုဝယ်ယူခြင်းနှင့် ပိုမိုသန့်ရှင်းသောသိုလှောင်မှုနည်းလမ်းများသို့ ပြောင်းလဲခြင်းသည် မိုက်ခရိုပလတ်စတစ်စားသုံးမှုစုစုပေါင်းကို လျှော့ချရာတွင် အထောက်အကူဖြစ်စေမည်ဟု ကျွမ်းကျင်သူများကထောက်ပြကြသည်။

### မိုက်ခရိုပလတ်စတစ်များနှင့် ကျန်းမာရေးအန္တရာယ်

လက်ရှိအချိန်တွင် သေးငယ်သောပလတ်စတစ်အမှုန်များသည် ပတ်ဝန်းကျင်၌ ပိုမိုပျံ့နှံ့နေသဖြင့် လူ့ခန္ဓာကိုယ်အတွင်းသို့ နည်းလမ်းအမျိုးမျိုးဖြင့် ဝင်ရောက်နိုင်ပြီး ဖရီးရယ်ဒီကယ်များကိုထုတ်ပေးသောကြောင့် ခန္ဓာကိုယ်အတွင်းရောင်ရမ်းမှုကိုဖြစ်စေကာ ဆဲလ်များကို ပျက်စီးစေနိုင်သည်။ မိုက်ခရိုပလတ်စတစ်များသည် လူတို့၏သွေးကြောများအတွင်းသို့ လျှို့ဝှက်စွာ မသိမသာစိမ့်ဝင်နေလျက် ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးတွင် စုပုံနေပြီး ခန္ဓာကိုယ်၏လုပ်ငန်းဆောင်တာများကို နှောင့်ယှက်ကာ ရေရှည်တွင် နောက်ဆက်တွဲပြဿနာများဖြစ်လာနိုင်သည်။ လေ့လာမှုများက မိုက်ခရိုပလတ်စတစ်များသည် မျိုးပွားမှု၊ အစာခြေစနစ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာကျန်းမာရေးကို ထိခိုက်စေသည်ဟု သံသယရှိပြီး အူမကြီးကင်ဆာ၊ အဆုတ်ကင်ဆာတို့နှင့်ဆက်စပ်မှုရှိကြောင်း ကောက်ချက်ချခဲ့သည်။

### ကျန်းမာရေးနှင့်ညီညွတ်သော်လည်း မိုက်ခရိုပလတ်စတစ်များပါဝင်သည့်အစားအစာများ

#### ပင်လယ်စာ

အခွံပါသောပင်လယ်စာများသည် ရေမှမိုက်ခရိုပလတ်စတစ်အပိုင်းအစများကိုစုပ်ယူပြီး စားသုံးနိုင်သော တစ်သျှူးများတွင် ပေါင်းစပ်ခြင်းအဖြစ်များသည်။ သို့ဖြစ်၍ ပင်လယ်စာစားသုံးမှုကို ကန့်သတ်ခြင်း သို့မဟုတ် ပင်လယ်ထွက်ကုန်အမျိုးမျိုးကို ငါးကြီးကြီးတစ်ကောင်နှင့် လဲလှယ်စားသုံးခြင်းဖြင့် ဘေးကင်းနိုင်သည်။

#### စားပွဲတင်ဆား

ဆားကိုသန့်စင်သောပစ္စည်းတစ်ခုဟုထင်ရသော်လည်း လေ့လာမှုများအရ ကမ္ဘာတစ်ဝန်းမှစမ်းသပ်ထားသော ဆားထုတ်ကုန်များ၏ ၉၄ ရာခိုင်နှုန်းသည် မိုက်ခရိုပလတ်စတစ်များဖြင့် ညစ်ညမ်းနေကြောင်း ပြသထားသည်။ မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုသည် အလွန်ပျံ့နှံ့နေသောကြောင့် ပင်လယ်ဆားကို ပင်လယ်ပတ်ဝန်းကျင်တွင် မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှု၏အညွှန်းကိန်းတစ်ခုအဖြစ် ယူဆကြသည်။ သို့ဖြစ်၍ အိုင်အိုဒင်းဓာတ်ပါဝင်သည့် စမ်းသပ်ထားသောအမှတ်တံဆိပ်များကိုရွေးချယ်ပါ သို့မဟုတ် အစားအစာတွင် ဆားလျှော့စားပါ။ ဆားသည် အူလမ်းကြောင်းရှိ ဂလူးကို့စ်နှင့် အမိုင်နိုအက်စစ်များကို စုပ်ယူရာတွင် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်သည်။ ဆားကို မျှတသောပမာဏဖြင့်စားသုံးမှုသည် ပုံမှန်သွေးပေါင်ချိန်နှင့် သွေးလည်ပတ်မှုကို ထိန်းသိမ်းရန်လည်း ကူညီပေးသည်။

> **"ဆားကိုသန့်စင်သောပစ္စည်းတစ်ခုဟုထင်ရသော်လည်း လေ့လာမှုများအရ ကမ္ဘာတစ်ဝန်းမှစမ်းသပ်ထားသော ဆားထုတ်ကုန်များ၏ ၉၄ ရာခိုင်နှုန်းသည် မိုက်ခရိုပလတ်စတစ်များဖြင့် ညစ်ညမ်းနေကြောင်း ပြသထားသည်။ မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုသည် အလွန်ပျံ့နှံ့နေသောကြောင့် ပင်လယ်ဆားကို ပင်လယ်ပတ်ဝန်းကျင်တွင် မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှု၏အညွှန်းကိန်းတစ်ခုအဖြစ် ယူဆကြသည်။ သို့ဖြစ်၍ အိုင်အိုဒင်းဓာတ်ပါဝင်သည့် စမ်းသပ်ထားသောအမှတ်တံဆိပ်များကို ရွေးချယ်ပါ သို့မဟုတ် အစားအစာတွင် ဆားလျှော့စားပါ . . ."**

#### ပလတ်စတစ်ရေပုလင်း

ပလတ်စတစ်ပုလင်းမှရေတွင် ရေပိုက်မှရေထက် မိုက်ခရိုပလတ်စတစ်များ ပိုမိုပါဝင်ကြောင်း လေ့လာမှုများကဖော်ပြသည်။ ကာဗွန်စစ်ထုတ်ကိရိယာများဖြင့် စစ်ထုတ်ထားသော ရေပိုက်မှရေကိုရွေးချယ်ပြီး ဖန်နှင့်သံမဏိဘူးတို့တွင် သိမ်းဆည်းခြင်းဖြင့် ဘေးကင်းနိုင်သည်။

#### ပျားရည်

ပျားရည်ကိုပြုပြင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်နှင့်ထိတွေ့ခြင်းကြောင့် ပျားရည်ညစ်ညမ်းမှုဖြစ်ပွားနိုင်သည်။ ဖန်ပုလင်းများဖြင့် ရောင်းချသော ဒေသထွက်သဘာဝပျားရည်ကိုဝယ်ယူပြီး ပလတ်စတစ်ဖြင့်ထုပ်ထားသော အမှတ်တံဆိပ်များကို ရှောင်ကြဉ်ပါ။

#### လက်ဖက်ရည်

တချို့သောလက်ဖက်ခြောက်အိတ်များ (အထူးသဖြင့် နိုင်လွန် သို့မဟုတ် ပိုလီအီသလင်းဖြင့်ပြုလုပ်ထားသောအိတ်များ)သည် ရေနွေးထဲတွင်နှစ်လိုက်သောအခါ မိုက်ခရိုပလတ်စတစ်များ ထွက်လာသည်။ သတ္တုဘူးများဖြင့်ထုပ်ပိုးသော လက်ဖက်ခြောက်သည် အကောင်းဆုံးရွေးချယ်မှုဖြစ်သည် သို့မဟုတ် ပလတ်စတစ်ကင်းစင်သောစက္ကူအိတ်အမှတ်တံဆိပ်များကို ရွေးချယ်နိုင်သည်။

#### ပြုပြင်ထားသောမုန့်များ

ပြုပြင်ခြင်းနှင့် ထုပ်ပိုးခြင်းအဆင့်များတွင် မုန့်များသည် ပလတ်စတစ်အပိုင်းအစများနှင့် ထိတွေ့လေ့ရှိသည်။ အိမ်တွင် မုန့်များပြင်ဆင်ပြီး ဖန်ပုလင်းများ သို့မဟုတ် ပြန်လည်အသုံးပြုနိုင်သောဘူးများထဲတွင် သိမ်းဆည်းခြင်းက အကောင်းဆုံးဖြစ်သည်။

#### စည်သွတ်ဘူးအစားအစာများ

စည်သွတ်ဘူး၏အတွင်းအလွှာသည် ပလတ်စတစ်ဖြစ်နိုင်သကဲ့သို့ လုပ်ငန်းစဉ်ကို အထောက်အကူပြုသည့်အစိတ်အပိုင်းများလည်း ဖြစ်နိုင်သည်။ အစားထိုးရွေးချယ်စရာများရှိပါက ဖန်ဖြင့်ထုပ်ပိုးထားသောထုတ်ကုန်များ သို့မဟုတ် လတ်လတ်ဆတ်ဆတ်ပြုလုပ်ထားသော အစားအစာများကို ရွေးချယ်ပါ။

#### သကြားနှင့်အချိုမှုန့်များ

ပြုပြင်ခြင်းနှင့်ထုပ်ပိုးခြင်းတို့သည်လည်း သကြားနှင့်အချိုမှုန့်များကို ညစ်ညမ်းစေနိုင်သည်။ ယုံကြည်စိတ်ချရသောအရင်းအမြစ်များမှ ဝယ်ယူပြီး ပလတ်စတစ်အသုံးပြုမှုအနည်းဆုံးဖြင့် ဝယ်ယူသင့်သည်။ ထို့ပြင် အချိုဓာတ်အတွက် ချိုသောသစ်သီးများကို အသုံးပြုနိုင်သည်။

#### နို့မှုန့်နှင့်အစားထိုးဖြည့်စွက်စာများ

အမှုန့်ထုတ်ကုန်အများစုသည် ထုပ်ပိုးမှု သို့မဟုတ် ပြုပြင်ခြင်းမှ ပလတ်စတစ်များဖြင့် ညစ်ညမ်းစေလေ့ရှိသည်။ ဖြစ်နိုင်ပါက လတ်ဆတ်သောနို့ထွက်ပစ္စည်းများကိုရယူပါ။ တစ်နည်းအားဖြင့် ဖန်ပုလင်းဖြင့်ထုပ်ပိုးထားသောအမှုန့်များကို ရွေးချယ်ပါ။

#### သစ်သီးများနှင့်ဟင်းသီးဟင်းရွက်များ

သစ်သီးနှင့် ဟင်းသီးဟင်းရွက်အမျိုးမျိုး၏မျက်နှာပြင်တွင်လည်း မိုက်ခရိုပလတ်စတစ်များဖြင့် ညစ်ညမ်းမှုများကို တွေ့ရှိရသည်။ လေထဲတွင်ပျံ့နှံ့နေသော မိုက်ခရိုဖိုက်ဘာများကြောင့် မျက်နှာပြင်ညစ်ညမ်းမှု သို့မဟုတ် ညစ်ညမ်းနေသော ရေသွင်းရေထုတ်ပလတ်စတစ်အကြွင်းအကျန်များ ပါဝင်နိုင်သည်။ နာနိုပလတ်စတစ်အမှုန်များသည် အမြစ်များမှတစ်ဆင့် အပင်များထဲသို့ ဝင်ရောက်နိုင်သည်။ လေ့လာမှုတစ်ခုအရ ပန်းသီးနှင့် မုန်လာဥနီများသည် မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုအများဆုံးဖြစ်ပြီး ဆလတ်ရွက်များသည် အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိခဲ့သော်လည်း ပိုမိုမြင့်မားစွာပြုပြင်ထားသောအစားအစာများနှင့် နှိုင်းယှဉ်ပါက နည်းပါးနေဆဲဖြစ်သည်။ သစ်သီးများနှင့် ဟင်းသီးဟင်းရွက်များကို သေချာစွာဆေးကြောပြီး အခွံခွာစားပါ။ ထို့ပြင် သန့်ရှင်းသောရေဖြင့် စိုက်ပျိုးထားသော အော်ဂဲနစ်နှင့် ဒေသတွင်းစိုက်ပျိုးထားသော ထုတ်ကုန်များကိုရွေးချယ်နိုင်သည်။ သစ်သီးနှင့်ဟင်းသီးဟင်းရွက်များကို အနီရောင်၊ အပြာရောင်နှင့် ခရမ်းရောင်များပေးစွမ်းသည့် အန်သိုဆိုင်ယာနင်ကဲ့သို့သော အင်တီအောက်စီးဒင့်များသည် လူကိုကျန်းမာစေသောကြောင့် ရွေးချယ်စားသုံးနိုင်သည်။

#### အသားနှင့်ငါးများ

ထုပ်ပိုးသောပလတ်စတစ်ပစ္စည်းများ၊ ပလတ်စတစ်ဘူးများနှင့် အဖုံးများသည် အထူးသဖြင့် မိုက်ခရိုဝေ့ဖ်တွင် အပူပေးသောအခါ မိုက်ခရိုပလတ်စတစ်အပိုင်းအစများကို ထုတ်လွှတ်နိုင်သည်။ ပလတ်စတစ်ထုပ်ပိုးမှုနည်းပါးသောအသားများကို ဝယ်ယူပြီး အစားအစာများကို ပလတ်စတစ်ဘူးများဖြင့် အပူပေးခြင်းကို ရှောင်ကြဉ်ပါ။

#### ဖုတ်ထားသောအစားအစာများနှင့်ပြုပြင်ထားသောကောက်နှံများ

ဖုတ်ထားသောအစားအစာများနှင့် ပြုပြင်ထားသောကောက်နှံများသည် ပြုပြင်ရေးပစ္စည်းကိရိယာများနှင့် ထုပ်ပိုးမှုများမှတစ်ဆင့် မိုက်ခရိုပလတ်စတစ်အပိုင်းအစများ ပါဝင်နိုင်သည်။ သို့ဖြစ်၍ အိမ်တွင် ကောက်နှံများကိုအသုံးပြု၍ ဖုတ်ပြီး ဖန်ပုလင်းများတွင် သိမ်းဆည်းခြင်းဖြင့် လတ်ဆတ်နေစေနိုင်သည်။

### မိုက်ခရိုပလတ်စတစ်စားသုံးမှုကိုလျှော့ချရန် လက်တွေ့ကျသောအကြံပြုချက်များ

မကြာသေးမီက ဘာမင်ဂမ်တက္ကသိုလ်၏ သုတေသနပြုချက်အရ ထုပ်ပိုးမှုနှင့် အပူပေးခြင်းကြောင့် မိုက်ခရိုပလတ်စတစ်ညစ်ညမ်းမှုမြင့်မားခြင်းကို အလေးပေးဖော်ပြထားသည်။ ထို့ကြောင့် အစားအစာကို အပူပေးပါက မီးဖို သို့မဟုတ် မိုက်ခရိုဝေ့ဖ်တွင် ပလတ်စတစ်ပစ္စည်းများ အသုံးပြုခြင်းကို ရှောင်ကြဉ်ပါ။ အစားအစာသိုလှောင်ခြင်းနှင့် ပြန်လည်နွေးခြင်းအတွက် ဖန်၊ ကြွေ သို့မဟုတ် သံမဏိဖြင့်ပြုလုပ်ထားသောပစ္စည်းများကိုရွေးချယ်ပါ။ ရေပိုက်ခေါင်းရေကိုသာ ရေစစ်ကောင်းကောင်းတစ်ခုတပ်ဆင်ပြီး သောက်သုံးပါ။ ပြုပြင်ထုပ်ပိုးထားသော လက်ဖက်ခြောက်အိတ်များအစား ရိုးရိုးလက်ဖက်ခြောက်နှင့် လတ်လတ်ဆတ်ဆတ်ပြုလုပ်ထားသောအစားအစာများကို ရွေးချယ်ပါ။ ဖြစ်နိုင်လျှင် ပလတ်စတစ်ထုပ်ပိုးမှုကင်းစင်သောနေရာများမှ ဝယ်ယူခြင်းက အကောင်းဆုံးဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ယနေ့အချိန်တွင် မိုက်ခရိုပလတ်စတစ်များသည် နေရာတိုင်းနှင့် ဈေးကွက်၌ ကျန်းမာရေးနှင့်ညီညွတ်သည်ဟု ရောင်းချသောအစားအစာများတွင်ပင်ရှိနေသော်လည်း နေ့စဉ် ဈေးဝယ်ခြင်း၊ သိုလှောင်ခြင်းနှင့် ချက်ပြုတ်ခြင်းတို့ကို အနည်းငယ်ပြောင်းလဲခြင်းဖြင့် အာဟာရဓာတ်များမဆုံးရှုံးစေဘဲ မိုက်ခရိုပလတ်စတစ်များနှင့် ထိတွေ့မှုကို လျှော့ချနိုင်သည်။ သိပ္ပံပညာရှင်အသိုင်းအဝိုင်းသည် မိုက်ခရိုပလတ်စတစ်များ၏ ရေရှည်အကျိုးသက်ရောက်မှုများကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သော်လည်း အလွယ်တကူရှောင်ရှားနိုင်သော အရင်းအမြစ်များကိုဖယ်ရှားခြင်းသည် ယခုပင်လုပ်ဆောင်နိုင်သောခြေလှမ်းတစ်ခုဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

ဒေါက်တာသိင်္ဂီကျော်

# တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ



ရန်ကုန် မတ် ၂၀

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၁၂၃ ဦးအနက် ပျက်ကွက်သူမရှိ ရာနှုန်းပြည့်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းထွန်းအား သဘာပတိအဖြစ် တင်မြှောက်ကြပြီး သဘာပတိက လွှတ်တော်ရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင်လက်မှတ်ရေးထိုးကြကာသဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းသဘာပတိကကြေညာပြီး သဘာပတိရှေ့မှောက်တွင် လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြကာ သဘာပတိက အစည်းအဝေးကိုကြီးကြပ်၍ လွှတ်တော်ဥက္ကဋ္ဌအဖြစ် သာကေတမြို့နယ်လွှတ်တော်ကိုယ်စားလှယ်ဦးဌေးအောင် အားလည်းကောင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် တောင်ဥက္ကလာပမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဦးကျော်ကျော်စိုးအားလည်းကောင်း အမည်စာရင်းသွင်းထောက်ခံ၍ တင်မြှောက်ခဲ့ကြသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုး၍ သဘာပတိက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအား လွှတ်တော်အစည်းအဝေးဆိုင်ရာလုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ်ကာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးဌေးအောင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ဝန်းရံခ

# တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

ပုသိမ် မတ် ၂၀

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူများက ပျက်ကွက်သူမရှိ ရာနှုန်းပြည့်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် လေးမျက်နှာမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှဦးကျော်ဝင်းနိုင်အား သဘာပတိအဖြစ် တင်မြှောက်ကြပြီး သဘာပတိက လွှတ်တော်ရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကာ သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း သဘာပတိကကြေညာပြီး သဘာပတိရှေ့မှောက်တွင် လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြကာ သဘာပတိက အစည်းအဝေးကိုကြီးကြပ်၍ လွှတ်တော်ဥက္ကဋ္ဌအဖြစ် ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိန်းထွန်းအားလည်းကောင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ကန်ကြီးထောင့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောသက်နိုင်ဦးအားလည်းကောင်း အမည်စာရင်းသွင်းထောက်ခံ၍တင်မြှောက်ခဲ့ကြသည်။

ယင်းနောက်လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုး၍ သဘာပတိက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအား လွှတ်တော်အစည်းအဝေးဆိုင်ရာလုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ်ကာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းက နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# တတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ



မကွေး မတ် ၂၀

တတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မကွေးမြို့ရှိ တိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၆၁ ဦးအနက် ပျက်ကွက်သူမရှိ ရာနှုန်းပြည့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် နတ်မောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးကြည်ထွန်းအား သဘာပတိအဖြစ် တင်မြှောက်ကြပြီး သဘာပတိက လွှတ်တော် ရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကာ သဘာပတိက နှုတ်ခွန်းဆက်စကားပြော ကြားသည်။

ထို့နောက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း သဘာပတိက ကြေညာပြီး သဘာပတိရှေ့မှောက်တွင် လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြကာ သဘာပတိက အစည်းအဝေးကိုကြီးကြပ်၍ လွှတ်တော်ဥက္ကဋ္ဌအဖြစ် မကွေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာ မောင်မောင်ဌေးအား လည်းကောင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ပခုက္ကူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှဦးခင်မောင်ညီအား အမည်စာရင်းသွင်းထောက်ခံ၍ တင်မြှောက်ခဲ့ကြသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုး၍ သဘာပတိက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအား လွှတ်တော်အစည်းအဝေးဆိုင်ရာလုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ်ကာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဌေးက နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ကိုရဲ(ပြန်/ဆက်)

# တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

ထားဝယ် မတ် ၂၀

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်စောမာတင်လူသာအား သဘာပတိအဖြစ် တင်မြှောက်ကြပြီး သဘာပတိက လွှတ်တော်ရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကာ သဘာပတိ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက်အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်းသဘာပတိကကြေညာပြီး သဘာပတိရှေ့မှောက်တွင် လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြကာ သဘာပတိက အစည်းအဝေးကိုကြီးကြပ်၍ လွှတ်တော်ဥက္ကဋ္ဌအဖြစ် ထားဝယ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးမြတ်ကိုအားလည်းကောင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ်ရေဖြူမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှဦးခင်မောင်မြင့်အား လည်းကောင်း အမည်စာရင်းသွင်း ထောက်ခံ၍ တင်မြှောက်ခဲ့ကြသည်။



ယင်းနောက်လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင်လက်မှတ်ရေးထိုး၍ သဘာပတိက တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌအား လွှတ်တော်အစည်းအဝေးဆိုင်ရာလုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ်ကာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးမြတ်ကိုက နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မတ် ၂၀

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ချင်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးစတင်ကျင်းပ




မုံရွာ မတ် ၂၀

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ လွှတ်တော်အဆောက်အအုံ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်အစည်း အဝေးခန်းမ၌ စတင်ကျင်းပသည်။

အစည်းအဝေးသို့ ရွေးကောက်ခံတိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စား လှယ်များ တက်ရောက်ကြသည်။

ထို့နောက် သဘာပတိ ဦးလှထွန်းက တိုင်းဒေသကြီးလွှတ်တော်၏ရှေ့မှောက်၌ သဘာပတိအဖြစ် ကတိသစ္စာပြုပြီး ကတိ သစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုး ကာ နှုတ်ခွန်းဆက်စကားပြောကြား သည်။

ထို့နောက် မုံရွာမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင့်လှိုင်မြင့်အား လွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကန့်ဘလူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးသန့်အား ဒုတိယဥက္ကဋ္ဌအဖြစ်လည်း ကောင်း ရွေးချယ်တင်မြှောက်ကြသည်။


ဆက်လက်၍ တိုင်းဒေသကြီးလွှတ် တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးတင့်လှိုင်မြင့်နှင့် ဦးမျိုးသန့်တို့က သဘာ ပတိ၏ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ် ရေးထိုးကြသည်။

ထို့နောက် သဘာပတိက တိုင်းဒေသ ကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်ထံ တာဝန်လွှဲအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ် တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ပထမပုံမှန်အစည်းအဝေးကျင်းပ




မန္တလေး မတ် ၂၀

တတိယအကြိမ်မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာတက် ရောက်ခွင့်ရှိသည့်လွှတ်တော်ကိုယ်စားလှယ် ၇၂ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ပြည်ကြီးတံခွန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိန်းလွင်ကို တင်မြှောက် ကြပြီး သဘာပတိကလွှတ်တော်ရှေ့မှောက် တွင်ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ် တွင် လက်မှတ်ရေးထိုးကာ နှုတ်ခွန်းဆက် စကားပြောကြားသည်။

ထို့နောက် အစည်းအဝေးအထမြောက် ကြောင်းနှင့်စတင်ကျင်းပကြောင်းသဘာပတိ ကကြေညာပြီး သဘာပတိရှေ့မှောက်တွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် များက ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာ ပေါ်တွင် လက်မှတ်ရေးထိုးကြကာ သဘာ ပတိက အစည်းအဝေးကို ကြီးကြပ်၍ လွှတ်တော်ဥက္ကဋ္ဌအဖြစ် မိတ္ထီလာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်မိုး ကိုလည်းကောင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ အဖြစ် ရမည်းသင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်မြင့်ကိုလည်းကောင်း ရွေးကောက်တင်မြှောက်သည်။

ယင်းနောက်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီးကတိ သစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုး ၍ သဘာပတိကတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အားအစည်းအဝေးဆိုင်ရာ လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ် ကာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

# တတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပ




ပဲခူး မတ် ၂၀

တတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ပထမပုံမှန်အစည်းအဝေးပထမ နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးတိုင်း ဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ ၌ ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသ ကြီး ရွေးကောက်ခံလွှတ်တော်ကိုယ်စား လှယ်များနှင့် တပ်မတော်သားကိုယ်စား လှယ်များ တက်ရောက်ကြသည်။

ဦးစွာ ရွှေတောင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးနိုင်မင်းဆွေ (ခ)ဦးထွန်းထွန်း ဦးကို သဘာပတိအဖြစ် ရွေးချယ် တင်မြှောက်ကြပြီး သဘာပတိ ဦးနိုင်မင်း ဆွေက တိုင်းဒေသကြီးလွှတ်တော်၏ ရှေ့မှောက်၌ သဘာပတိအဖြစ် ကတိ သစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကာနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များကသဘာပတိရှေ့မှောက် ၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာ ပေါ်တွင်လက်မှတ်ရေးထိုးကြ၍ တိုင်းဒေသ ကြီးလွှတ်တော် ဥက္ကဋ္ဌရွေးချယ် တင်မြှောက်ရာ ပြည်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှဦးအောင်ချိုဦးအား တိုင်းဒေသ ကြီး လွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဖြူးမြို့နယ် မဲဆန္ဒနယ်မှ ဦးကျော်ဌွေးအား တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးအောင်ချိုဦးနှင့်ဦးကျော်ဌွေးတို့က သဘာ ပတိ၏ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ် ရေးထိုးကြသည်။ ထို့နောက် သဘာပတိ က ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး၊ ပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေအရ တိုင်း ဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချို ဦးထံ တာဝန်လွှဲအပ်သည်။ ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားကြောင်း သိရသည်။

(၅၁၀)

# တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတင်ကျင်းပ



လွိုင်ကော် မတ် ၂၀

တတိယအကြိမ် ကယားပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် လွိုင်ကော်မြို့ရှိလွှတ်တော်အဆောက်အအုံ လွှတ်တော်အစည်းအဝေးခန်းမ၌ စတင် ကျင်းပသည်။

ထို့နောက်သဘာပတိ ဦးပိုးရယ်အောင် သိန်းအား ရွေးချယ်တင်မြှောက်ကြပြီး သဘာပတိက ပြည်နယ်လွှတ်တော် ရှေ့မှောက်၌ သဘာပတိအဖြစ် ကတိသစ္စာ ပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင်လက်မှတ် ရေးထိုးကာ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက သဘာပတိရှေ့ မှောက်၌ကတိသစ္စာပြုကြပြီးကတိသစ္စာပြု လွှာပေါ်တွင် လက်မှတ်ရေးထိုးကြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရွေးချယ် တင်မြှောက်ရာ လွိုင်ကော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမော်ရယ်အား လည်းကောင်း၊ ယင်းနောက် ဘော်လခဲ မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးရယ် အား ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ခြင်းခံရသည့် ဦးမော်ရယ်နှင့် ဦးစိုးရယ်တို့က သဘာပတိ၏ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာ ပေါ်တွင် လက်မှတ်ရေးထိုးကြသည်။ ထို့နောက် သဘာပတိက ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်လွှဲအပ်သည်။ ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကားပြောကြားကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်။**

# တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးစတင်ကျင်းပ

ဟားခါး မတ် ၂၀

တတိယအကြိမ်ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးပထမနေ့ကိုယနေ့ နံနက် ၁၀ နာရီတွင် ဟားခါးမြို့ရှိ ချင်းပြည်နယ်လွှတ်တော်အဆောက်အအုံအစည်း အဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဟားခါးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာဝုန်ဆွန်းထန်ကို သဘာပတိ အဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် သဘာပတိ ဒေါက်တာ ဝုန်ဆွန်းထန်က ချင်းပြည်နယ်လွှတ်တော်၏ရှေ့မှောက်တွင် သဘာပတိအဖြစ် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကာ နှုတ်ခွန်းဆက် စကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ အဖြစ် ပလက်ဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကောလ်လျန်ထန်းအား ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ထန်တလန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန့်စင်ဦးအား ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်းတင်မြှောက်ကြသည်။

ဆက်လက်၍ ချင်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးကောလ်လျန်ထန်းနှင့် ဦးသန့်စင်ဦးတို့က သဘာပတိ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သဘာပတိက ၂၀၁၃ ခုနှစ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ (၂၉)အရ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းကို တာဝန်လွှဲအပ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပ



**စစ်တွေ မတ် ၂၀**

တတိယအကြိမ် ရခိုင်ပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် ရခိုင် ပြည်နယ် လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ်လွှတ်တော် သဘာပတိအဖြစ် စစ်တွေမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးနိုင်ဦးအား သဘာပတိအဖြစ် ရွေးကောက်တင်မြှောက်ပြီး သဘာပတိက လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်း ကောင်း၊ သဘာပတိက ကတိသစ္စာပြုလွှာ တွင် လက်မှတ်ရေးထိုးပြီး နှုတ်ခွန်းဆက် စကားပြောကြားကာ တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး ပထမနေ့စတင်ကျင်းပ ကြောင်းနှင့် အထမြောက်ကြောင်း ကြေညာ သည်။

ယင်းနောက် ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက သဘာ ပတိရှေ့တွင် ကတိသစ္စာပြုကြပြီး ကတိ သစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးကြ သည်။

ဆက်လက်၍ စစ်တွေမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါက်တာစန်းရွှေအား လွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ထို့နောက် မြေပုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါက်တာထင်လင်းဦးအား ဒုတိယ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးချယ် တင်မြှောက်ကြသည်။

ထို့နောက်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ် ရေးထိုးကြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ အား သဘာပတိက တာဝန်လွှဲအပ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

**ဟန်ဝင်းအောင်(ပြန်/ဆက်)**

# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့စတင်ကျင်းပ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌများ ရွေးကောက်တင်မြှောက်



**မြစ်ကြီးနား မတ် ၂၀**

ကချင်ပြည်နယ်လွှတ်တော်၏ တတိယ အကြိမ် ကချင်ပြည်နယ်လွှတ်တော်ပထမ ပုံမှန်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လွှတ်တော်အစည်းအဝေး ပထမနေ့ကျင်းပနိုင်ရေးအတွက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက ပြည်နယ် လွှတ်တော်သဘာပတိအဖြစ် မြစ်ကြီးနား မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာ သန်းဌေးအောင်အား တင်မြှောက်ခဲ့ကြပြီး သဘာပတိက ကတိသစ္စာနှင့်ကတိသစ္စာ ပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကာ နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် သဘာပတိက တတိယ အကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမ ပုံမှန်အစည်းအဝေးပထမနေ့ စတင်ကြောင်း ကြေညာပြီး လွှတ်တော်ကိုယ်စားလှယ် များက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာ ပြုလွှာပေါ်တွင်လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆက်လက်၍ မချမ်းဘော့မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးရားဝမ်ဂျူးအား ပြည်နယ်ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မိုးညှင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထွန်းအေးအား ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ရွေးကောက်တင်မြှောက်ခံရ ကြောင်းကြေညာပြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက် တွင်ကတိသစ္စာပြုခြင်းနှင့်ကတိသစ္စာပြုလွှာ ပေါ်တွင်လက်မှတ်ရေးထိုးခဲ့ကြကာ သဘာ ပတိက ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျူးထံ တာဝန်လွှဲပြောင်းပေးအပ် ကြောင်းသိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ



မော်လမြိုင် မတ် ၂၀

တတိယအကြိမ်မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် လွှတ်တော်ရုံးဆွေးနွေးပွဲခန်းမ၌ကျင်းပရာ မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် များ၊ တာဝန်ရှိသူများတက်ရောက်ကြ သည်။

အစည်းအဝေးတွင် မွန်ပြည်နယ် လွှတ်တော်သဘာပတိအဖြစ် ချောင်းဆုံ မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင် ကြည်သိန်းကို ရွေးချယ်တင်မြှောက်ကြ သည်။

ထို့နောက် သဘာပတိက လွှတ်တော်၏ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိ သစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခဲ့ သည်။

မော်လမြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသက်ထွေးကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းအောင်မြင့်ကို ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ရွေးကောက်တင်မြှောက်ခဲ့ ကြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာ ပေါ်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

# မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၀

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး(AML/CFT)ဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၂၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (Anti-Money Laundering and Countering the Financing of Terrorism-AML/CFT) ဆိုင်ရာလုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်များ၊



သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် မကြာမီကပြဋ္ဌာန်းခဲ့သည့် ၂၀၂၆ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအပါအဝင် AML/CFT ဆိုင်ရာ ဆက်စပ်ပြည်တွင်းဥပဒေများ၊ AML/CFT ဆိုင်ရာနိုင်ငံတကာစံနှုန်းများ၊ လက်ရှိမြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာဆောင်ရွက်ချက်များနှင့် တိုးတက်ဆောင်ရွက်မှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့်မဟာဗျူဟာ ၂၀၂၄-၂၀၂၈ ပါအကောင်အထည်ဖော်ဆောင်ရွက်ရမည့်အဓိကလုပ်ငန်းစဉ်များ၊ ကြီးကြပ်ရေးဆိုင်ရာနှင့် အန္တရာယ်အကဲဖြတ်ခြင်းဆိုင်ရာလမ်းညွှန်ချက်များ၊ ဆုံးရှုံးနိုင်ခြေအခြေပြုကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းခွင်နှင့် လုပ်ငန်းခွင်ပြင်ပ ကွင်းဆင်းစစ်ဆေးခြင်းများ၊ သတင်းပို့ရန်တာဝန်နှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို သင်ကြားပို့ချပေးခဲ့ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှပို့ချပေးခဲ့သော AML/CFT ဆိုင်ရာဥပဒေမူဘောင်များနှင့် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသော AML/CFT ဆိုင်ရာလုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်ပြီး လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိရှိပြန်လည်အသုံးချခြင်းဖြင့် မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်သွားကြရန်တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ထူးချွန်သူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

သင်တန်းသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိဌာနများမှအရာထမ်း ၃၅ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာငါးရက်ကြာမြင့်ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများကို အမေရိကန်ဒေါ်လာသာမက တရုတ်ငွေကြေး ယွမ်နှင့်လည်း လက်ခံဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၂၀

ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုလွယ်ကူချောမွေ့စေရန်နှင့် ရင်းနှီးမြှုပ်နှံသူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများကို အမေရိကန်ဒေါ်လာသာမက တရုတ်ငွေကြေး ယွမ်နှင့်လည်း လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မတ်လ ၁၆ ရက်က ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့်သတင်းလွှာ (၁/၂၀၂၆) ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးသို့ အဆိုပြုချက်နှင့်အတည်ပြုချက်လျှောက်ထားလွှာများ တင်ပြလျှောက်ထားရာတွင် ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားမတည်ငွေရင်းကို အမေရိကန်ဒေါ်လာ(USD)အပြင် တရုတ်ငွေကြေး ယွမ်(CNY)ဖြင့်ပါ လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရင်းနှီးမြှုပ်နှံသူသည် ယူဆောင်လာသည့် အမေရိကန်ဒေါ်လာ(USD) ဖြစ်စေ၊ တရုတ်ငွေကြေး ယွမ်(CNY)ဖြစ်စေ ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားမတည်ငွေရင်းကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း(AD)လိုင်စင်ရဘဏ်များမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုအတွက် ပြောင်းလဲပေးချေမှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၇ ရာခိုင်နှုန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၇ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

မြဝတီ

# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အခမ်းအနားကျင်းပ



နေပြည်တော် မတ် ၂၀

၂၀၂၆ ခုနှစ်မတ်လ ၂၁ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၉) သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အခမ်းအနားနှင့် (၇၅)နှစ်မြောက်သစ်တောကြေးမုံ စိန်ရတုအထိမ်းအမှတ်အခမ်းအနားများကို ပူးတွဲပြီး အနှစ်သာရပြည့်ဝစွာ တစ်ပြိုင်နက်တည်း ကျင်းပသွားခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် သစ်ပင်၊ သစ်တောနှင့် ဂေဟစနစ်မျိုးစုံ၏ အရေးပါမှုကိုပိုမိုသိရှိနားလည်ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ နှစ်စဉ်မတ်လ ၂၁ ရက်ကို အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ "International Day of Forest" အဖြစ် ၂၀၁၂ ခုနှစ်တွင် စတင်သတ်မှတ်ပေးခဲ့ကြောင်း၊ ယခုနှစ်ဆောင်ပုဒ်မှာ "သစ်တောများနှင့်စီးပွားရေး(Forests and Economies)" ဖြစ်ကြောင်း၊ သစ်တောဦးစီးဌာနမှ ၁၉၅၁ ခုနှစ်မှ စတင်ထုတ်ဝေခဲ့သည့် သစ်တောကြေးမုံစာစောင်သည် ယခုအခါ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း ပြောကြားသည်။

အစီအစဉ်အရ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးနှင့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဆင့်တို့က အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ Keynote Presentation ကိုရှင်းလင်းတင်ပြပြီး အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့နှင့် သစ်တောကြေးမုံ စိန်ရတုအထိမ်းအမှတ် ဗီဒီယိုများပြသသည်။

ထို့နောက် ဒုတိယဝန်ကြီးက ခင်းကျင်းပြသထားသော အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့နှင့် သစ်တောကြေးမုံ စိန်ရတုအထိမ်းအမှတ်ပြခန်း၊ ပိုစတာများကိုလှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ်အခမ်းအနား၌ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက စာတမ်းသုံးစောင်ဖတ်ကြားပြီး "သစ်တောနှင့်စီးပွားရေး" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးကြောင်းသိရသည်။

မြဝတီ

# ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း) သင်တန်းအမှတ်စဉ်(၄၃) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၂၀

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်နှင့်ရန်ကုန်တို့၌ မြန်မာနိုင်ငံစာရင်းကောင်စီမှ ကြီးမှူးဖွင့်လှစ်ခဲ့သည့် ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) သင်တန်းအမှတ်စဉ် (၄၃) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သည့် အရည်အချင်းပြည့်မီသော စာရင်းကျွမ်းကျင်သူများ တိုးပွားလာစေရန် မြန်မာနိုင်ငံစာရင်းကောင်စီမှ အရည်အချင်းပြည့်ဝသည့် စာရင်းပညာရှင်များနှင့် စာရင်းကျွမ်းကျင်သူများကို စဉ်ဆက်မပြတ် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းသားများသည် နိုင်ငံတော်၏ စာရင်းနယ်ပယ်ကဏ္ဍအတွက် ခွန်အားသစ်များဖြည့်ဆည်းပေးမည့် မျိုးဆက်သစ်လူငယ်များဖြစ်သဖြင့် လုပ်ငန်းနယ်ပယ်အသီးသီးတွင် ကျင့်ဝတ်သိက္ခာများစောင့်ထိန်းလိုက်နာပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့အကျိုး၊ ဌာနအကျိုးသယ်ပိုးဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်ရန် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော်သင်တန်းကျောင်းမှ သင်တန်းသား ၂၂ ဦး၊ ရန်ကုန်သင်တန်းကျောင်းမှ သင်တန်းသား ၁၄ ဦး စုစုပေါင်းသင်တန်းသား ၃၆ ဦး တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်အခြေပြု ခွာနာလျှာနာရောဂါကင်းရှင်းဇုန်နှင့်ကာကွယ်ဇုန် သတ်မှတ်ကြေညာ



နေပြည်တော် မတ် ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်အခြေပြု ခွာနာလျှာနာရောဂါကင်းရှင်းဇုန်နှင့် ကာကွယ်ဇုန် သတ်မှတ်ကြေညာခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်အခြေပြု ခွာနာလျှာနာရောဂါ ကင်းရှင်းဇုန်နှင့် ကာကွယ်ဇုန် တည်ထောင်နိုင်ခြင်းအားဖြင့် ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ခြင်း၊ မွေးမြူတောင်သူများ၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝကို ပိုမိုဖွံ့ဖြိုးတိုးတက်စေခြင်း၊ ခွာနာလျှာနာရောဂါကင်းရှင်းခြင်းဖြင့် ကျွဲ/နွား ကုန်သွယ်မှုလုပ်ငန်းများ၌ ပိုမိုထောက်ပံ့ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူတို့က ကင်းရှင်းဇုန်တည်ထောင်ရသည့် ရည်ရွယ်ချက်နှင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ခွာနာလျှာနာရောဂါကင်းရှင်းဇုန်နှင့်ကာကွယ်ဇုန် တည်တံ့နိုင်ရေး ဆောင်ရွက်သွားမည့် စည်းကမ်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး FMD ကင်းရှင်းဇုန်နှင့် ကာကွယ်ဇုန်ဆောင်ရွက်ပြီးစီးမှုအား သတ်မှတ်ကြေညာသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင် အဖွဲ့ဝင်(၁)၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာအကြီးအကဲများ၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တိရစ္ဆာန် ဆေးပညာကောင်စီနှင့် တိရစ္ဆာန်ဆရာဝန်များအသင်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများတက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်း အမှတ်စဉ်(၁၃)သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၂၀

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အမှတ်(၅)စက်မှုသင်တန်းကျောင်း (မကွေး)၌ကျင်းပသည့် စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲကို စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးစသည့် အခြေခံလိုအပ်ချက်များကိုတစ်ပြိုင်နက်တည်း တည်ဆောက်ရသကဲ့သို့ လူသားအရင်းအမြစ်စွမ်းဆောင်နိုင်မှုကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကသော့ချက်ပင်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့သည်မကြာခင်အချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် မျိုးဆက်သစ်များဖြစ်၍ နိုင်ငံ၏ အနာဂတ်ကောင်းကျိုး/ဆိုးကျိုးသည်လည်း မောင်တို့မယ်တို့၏ အရည်အချင်းနှင့် ခံယူချက်များအပေါ်တွင် မူတည်နေကြောင်း၊ အရည်အချင်းဆိုသည်မှာ ကျောင်းစာတစ်ခုတည်း တော်ရုံတတ်ရုံနှင့် မလုံလောက်ဘဲ သင်ယူထားသည့် အတတ်ပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်အောင်၊ စည်းကမ်းရှိပြီး ကိုယ်ကျင့်တရားကောင်းမွန်အောင်၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်အောင်၊ အများအကျိုးသယ်ပိုးဆောင်ရွက်လိုသောစိတ်ဆန္ဒရှိအောင် နေထိုင်ကျင့်ကြံမှသာ စစ်မှန်ပြီး အရည်အချင်းပြည့်ဝသည့် လူငယ်များအဖြစ် လူမှုပတ်ဝန်းကျင်က လက်ခံလာမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က သင်တန်းသား စံပြဆုရသင်တန်းသားကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကိုလည်းကောင်း၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းဆင်း အောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး)အနေဖြင့် စက်မှုကျွမ်းကျင်တစ်နှစ်သင်တန်းအမှတ်စဉ်(၁၃)တွင် သင်တန်းသား ၁၃၆ ဦး၊ သင်တန်းသူ ၃၀ ဦး စုစုပေါင်း ၁၆၆ ဦးကို လေ့ကျင့်သင်ကြားပေးခဲ့ပြီး သင်တန်းစတင်ဖွင့်လှစ်ချိန်မှ ယနေ့အထိ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၉၈၀ ဦးကို အောင်မြင်စွာ လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြဝတီ

# ဘုရားငါးဆူကုန်ထုတ်အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၀

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၆ ခုနှစ်မတ်လ ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ ဘုရားငါးဆူ ကုန်ထုတ်အကျဉ်းစခန်းနှင့် သာစည်မြို့မရဲစခန်း အချုပ်ခန်းသို့လည်းကောင်း၊ မတ်လ ၁၉ ရက်တွင်မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာမြို့မရဲစခန်းအချုပ်ခန်း၊ အမှတ်(၂) နယ်မြေရဲစခန်း အချုပ်ခန်းနှင့် မိတ္ထီလာဘိုးဘွားရိပ်သာသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဘုရားငါးဆူကုန်ထုတ်အကျဉ်းစခန်းကို ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကိုပေးအပ်လှူဒါန်းခဲ့သည်။




မိတ္ထီလာဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးစဉ် ရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များ၌ သွားရောက်တွေ့ဆုံပြီး အသက် ၈၅ နှစ်ပြည့်ပြီးသော သက်ကြီးအဘိုး၊ အဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ကြေးရရှိရေး ဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားပင်စင်လစာထုတ်ယူရရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

သာစည်မြို့မရဲစခန်းအချုပ်ခန်း၊ မိတ္ထီလာမြို့မရဲစခန်းအချုပ်ခန်းနှင့် အမှတ်(၂)နယ်မြေရဲစခန်း အချုပ်ခန်းတို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး အချုပ်ခန်းများ၏ သန့်ရှင်းမှု၊ အလင်းရောင်ရရှိမှုနှင့် လေဝင်လေထွက်ကောင်းမွန်မှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့်အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံမှ သိရသည်။

မြဝတီ




## ၂၀-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၀၀၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကမ္ဘာ့ရေနေ့အထိမ်းအမှတ်အကြို ဂုဏ်ပြုဆောင်းပါး

# ရေကဏ္ဍစုံဖွံ့ဖြိုးဖို့ ကျား၊ မတန်းတူ ပါဝင်စို့

အေးမြင့်ဆွေ

**ရှက်ဝါကြွေပြီးစ ခြောက်သွေ့သွေ့ နွေသစ်ပင်များနှင့် ရေနည်းသောင်ထွန်းနေသော နွမ်းလျလျ စမ်းချောင်းငယ်တို့သည် ဤမြေကမ္ဘာသက်ရှိများအတွက် ရေ၏တန်ဖိုးကြီးအရေးပါမှုကို တိတ်ဆိတ်နက်ရှိုင်းစွာ ဖော်ပြလျက်ရှိကြသည်။ လက်ယက်သဲရေတွင်းများဆီမှ မောင်တစ်ထမ်းမယ်တစ်ရွက် ရေခပ်ပြန်လာနေကြသော ကျေးလက်တောင်သူဇနီးမောင်နှံ၏ လွမ်းမောဖွယ်ညနေဆည်းဆာရှုခင်းသည်လည်း ၂၀၂၆ ခုနှစ် ကမ္ဘာ့ရေနေ့ ဆောင်ပုဒ်၏ ကျား၊ မ တန်းတူပါဝင်မှုအား ဖော်ညွှန်းသရုပ်ဖော်နေသကဲ့သို့ပင်ရှိ၏။ ၂၀၂၆ ခုနှစ် မတ်လ ၂၂ ရက်နေ့ (၃၄) ကြိမ်မြောက် ကမ္ဘာ့ရေနေ့ (World Water Day)အချိန်အခါသည် ရည်ရွယ်ချက်ကောင်းများစွာဖြင့် နေရာအနှံ့တွင်သက်ဝင်တောက်ပလျက်ရှိနေသည်။**

၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့ရေနေ့ဆောင်ပုဒ်မှာ **"ရေကဏ္ဍစုံဖွံ့ဖြိုးဖို့ ကျား၊ မတန်းတူ ပါဝင်စို့" (Where Water Flows, Equality Grows)** ဟူ၍ဖြစ်သည်။ အဓိကရည်ရွယ်ချက်မှာ ရေကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေစီမံခန့်ခွဲမှုများတွင် အမျိုးသားများနှင့်အတူ အမျိုးသမီးများ၏ပါဝင်ဆောင်ရွက်ဆုံးဖြတ်နိုင်မှုအခန်းကဏ္ဍအားမြှင့်တင်ပေးရန်ဖြစ်သည်။ ကုလသမဂ္ဂ၏ UNESCO World Water Development Programme မှ ထုတ်ပြန်သော ၂၀၂၆ ခုနှစ် ကမ္ဘာ့ရေဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာ (World Water Development Report– 2026) ပါ အကြောင်းအရာများအပေါ်မှီတည်၍ ကမ္ဘာ့ရေနေ့၏ ဆောင်ပုဒ်အား UN–Water မှ ရွေးချယ်သတ်မှတ်ခြင်းဖြစ်သည်။

**ရေအရင်းအမြစ်စီမံခန့်ခွဲမှုသည် စိုက်ပျိုးရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ငါးလုပ်ငန်းကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ စသည့် ကဏ္ဍပေါင်းစုံဘက်စုံတိုးတက်ရေး၏ ရေသောက်မြစ်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးမှု၏ အခြေခံအချက်ဖြစ် . . .**

**ကမ္ဘာ့ရေထုပမာဏ**

ရေသည် ဤမြေကမ္ဘာအတွက် အခြေခံအကျဆုံးလိုအပ်ချက်တစ်ခုဖြစ်သည်။ အရည်၊ အခဲ၊ အငွေ့ ပုံစံသုံးမျိုးလုံးဖြင့်ပျံ့နှံ့တည်ရှိနေပြီး ရေခဲတောင်၊ တောတန်း၊ မြစ်ချောင်း၊ ပင်လယ်များအားဖြတ်၍ ကောင်းကင်သို့လည်းအခိုးအငွေ့အဖြစ် ပျံတက်နိုင်သေးသည်ဖြစ်ရာ ရေ၏အဆုံးမဲ့သံသရာသည် ကမ္ဘာ့တည်ရှိမှုအား ထုဆစ်လျက်ရှိသည်။ ကမ္ဘာ့မျက်နှာပြင်ဧရိယာ၏ ၇၁ ရာခိုင်နှုန်းကို ရေထုကဖုံးလွှမ်းလျက်ရှိသော်လည်း **"ဖောင်စီးရင်း ရေငတ်"** ဆိုသကဲ့သို့ ၉၆ ဒသမ ၅ ရာခိုင်နှုန်းသည် ပင်လယ်ရေငန်ဖြစ်၍ ၃ ဒသမ ၅ ရာခိုင်နှုန်းသည်သာရေချိုဖြစ်သည်။ ထိုရေချိုထု၏ ၆၈ ရာခိုင်နှုန်းသည် ရေခဲပြင်၊ ၃၀ ရာခိုင်နှုန်းသည် မြေအောက်ရေများဖြစ်ရာ မြစ်ချောင်းများက ပိုင်ဆိုင်သော စီးဆင်းရေမှာ သုည ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိကြောင်း သိရသည်။ ထို့ကြောင့် **"ရွှေကို မလို၊ ရေကိုသာလိုသည်"၊ "မိုးရေကို ငွေလိုစု၊ ရွှေဥတဲ့တော"** စသည်ဖြင့် ရေ၏တန်ဖိုးကိုညွှန်းဆိုကြခြင်းဖြစ်ပါလိမ့်မည်။

**ရေ၏တန်ဖိုး**

ရေသည် သက်ရှိများ၏ အသက်ဇီဝရှင်သန်မှု၊ စိတ်နှလုံးချမ်းမြေ့မှု၊ လူမှုဘဝချောမွေ့အဆင်ပြေမှုများ၏ပင်ရင်းဇာစ်မြစ်ဖြစ်သည်။ လူ့ခန္ဓာကိုယ်၏ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းသည်ရေဓာတ်ဖြင့် ဖွဲ့စည်းထားပြီး **"ရေအသက်တစ်မနက်"**ဟူသော ဆိုရိုးနှင့်အညီ ရေသည်ကျန်းမာခြင်း၏ မြစ်ဖျားခံရာဖြစ်သည်။ ထို့ပြင် လူသားတို့၏ နှလုံးစိတ်ဝမ်းအေးချမ်းခြင်းသည်လည်း ရေနှင့်တိုက်ရိုက်ဆက်စပ်လျက်ရှိသည်။ မောပန်းနွမ်းနယ်ခြင်း၊ စိတ်ညစ်ညူးခြင်းများအား ရေချိုးခြင်း၊ ရေနှင့်ထိတွေ့ခြင်းများက ပျောက်ကင်းစေသည်။ မတူညီကွဲပြားသော နေရာဒေသ၊ ရိုးရာဓလေ့ထုံးတမ်းများစွာကြားတွင် ရေသည်စိတ်နှလုံးအေးမြမှုအတွက် အဓိကကုစားဖန်တီးသော ဆေးဝါးကုထုံးအဖြစ် တူညီစွာရပ်တည်လျက်ရှိသည်။

ရေသည် ကောက်ပဲသီးနှံထွက်ရှိမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုများ၏ အခြေခံအုတ်မြစ်လည်းဖြစ်သည်။ **"ရေကိုရင်းနှီး ပြည်ကြီးသာယာ"** ဟူ၍ ရေကိုစနစ်တကျစီမံအသုံးပြုတတ်သော ခေတ်၊ ဒေသများသည် အခြားခေတ်၊ ဒေသများထက် ပို၍ငြိမ်းချမ်းကြွယ်ဝလေ့ရှိကြသည်။ ရှေးခေတ်အီဂျစ်တို့၏ နိုင်းမြစ်ရေစီမံခန့်ခွဲအသုံးပြုခဲ့မှု၊ မြန်မာတို့၏ ပျူခေတ်၊ ပုဂံခေတ် ရေအသုံးချစိုက်ပျိုးမှုနည်းစနစ်များသည် ပြည်သူ့လူမှုစီးပွားဘဝအား တိုးတက်စေခဲ့ကြောင်း သမိုင်းအထောက်အထားများအရ ထင်ရှားစွာတွေ့ရှိနိုင်သည်။ စားရေရိက္ခာထုတ်လုပ်နိုင်မှုနှင့် ကုန်စည်စီးဆင်းမှု အားသာချက်များကြောင့် ရေတည်ရှိရာ မြစ်ချောင်းများတစ်လျှောက်နှင့် ပင်လယ်ကမ်းစပ်များ တစ်လျှောက်တွင် လူနေထိုင်မှုပိုမိုသိပ်သည်းသည်။

စက်ရုံအလုပ်ရုံများ၊ စိုက်ပျိုးခင်းများ၊ သယံဇာတတူးဖော်ခြင်း၊ လျှပ်စစ်စွမ်းအားထုတ်လုပ်ခြင်းစသည့် မည်သည့်စိုက်ပျိုးထုတ်လုပ်မှုမဆို ရေနှင့်ဆက်နွှယ်လျက်ရှိသည်။ သို့ဖြစ်ရာ ရေအရင်းအမြစ်စီမံခန့်ခွဲမှုသည် စိုက်ပျိုးရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ငါးလုပ်ငန်းကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍစသည့် ကဏ္ဍပေါင်းစုံ ဘက်စုံတိုးတက်ရေး၏ ရေသောက်မြစ်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးမှု၏အခြေခံအချက်ဖြစ်သည်။

**ကမ္ဘာ့ရေချိုအကျပ်အတည်းနှင့် ရေပဋိပက္ခများ**

ရေ၏အသက်ဇီဝပတ်ဝန်းကျင်အတွက် အရေးပါလွန်းလှမှုနှင့် ၂၁ ရာစု ကမ္ဘာ၏ရေချိုအကျပ်အတည်းများ ထိပ်တိုက်တွေ့သောအခါတွင် ကမ္ဘာ့ရေအငြင်းပွားမှုပဋိပက္ခများ ပိုမိုများပြားလာသည်။ ကမ္ဘာ့ရေချိုအကျပ်အတည်းသည် တစ်နှစ်ထက်တစ်နှစ်ပိုမိုပြင်းထန်လာလျက်ရှိသည်။ ရေအငြင်းပွားမှုပဋိပက္ခများသည် ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း နှစ်ဆခန့်အထိများပြားလာခဲ့သည်။ ထင်ရှားသောဥပမာများတွင် အစ္စရေး–ဂါဇာ ရေပဋိပက္ခ၊ အိန္ဒိယနှင့်ပါကစ္စတန်ကြား အိန္ဒုမြစ်ဆိုင်ရာ ရေအငြင်းပွားမှုတို့သည်ထင်ရှားသည်။

ကုလသမဂ္ဂထုတ်ပြန်ချက်များအရ ကမ္ဘာ့ရေချိုအရင်းအမြစ်အများစုသည် ပြန်လည်ကုစားမရသည်အထိ ပြိုလဲပျက်စီးနေသော (Bankrupt) အခြေအနေသို့ရောက်ရှိသွားပြီဖြစ်ကြောင်းသိရသည်။ ကမ္ဘာ့ရေချိုကန်ကြီးများ၏ ၇၀ ရာခိုင်နှုန်းခန့်သည် အလွန်လျင်မြန်စွာ ခန်းခြောက်နေပြီး ၅၀ ရာခိုင်နှုန်းသည် ၁၉၉၀ ပြည့်နှစ်များမှစ၍ ကန်ရေပြင်ဧရိယာကျုံ့ဝင်ပျောက်ကွယ်လာလျက်ရှိသည်။ ၁၉၇၀ ပြည့်နှစ်များမှစ၍ ကမ္ဘာ့ရေခဲမြစ် ၃၀ ရာခိုင်နှုန်းကျော်သည် တိတ်ဆိတ်စွာပျောက်ကွယ်သွားပြီဖြစ်သည်။ လွန်ခဲ့သော နှစ် ၅၀ အတွင်း သဘာဝရေတိမ်ဒေသ ဟက်တာ ၄၁ သန်းခန့် ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ ပေကျင်း၊ ဒေလီစသော မြို့ကြီး ၁၀၀ ကျော်သည် ပြင်းထန်ရေအကျပ်အတည်းနှင့် ကြုံတွေ့နေရပြီး အချို့မြို့များသည် မြို့ပြရေပေးဝေမှုလုံးဝပျက်စီးသွားနိုင်သည့် "Day Zero" သို့ နီးကပ်လျက်ရှိနေကြသည်။

ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံခန့်သည် တစ်နှစ်လျှင် အနည်းဆုံးတစ်လခန့် ပြင်းထန်ရေရှားပါးမှုအား ခံစားနေရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ စာရင်းများအရ လူဦးရေ၂ ဒသမ ၂ဘီလီယံသည် သန့်ရှင်းသော သောက်သုံးရေမရရှိဘဲ ၃ ဒသမ ၅ ဘီလီယံခန့်သည် စနစ်တကျရှိသည့် သန့်ရှင်းရေးစနစ်အား သုံးစွဲနိုင်ခြင်းမရှိပါ။ UN Water ၏ လေ့လာမှုများအရ ရေမှတစ်ဆင့်ကူးစက်သောရောဂါများနှင့် လုံလောက်သော ရေထောက်ပံ့မှုမရရှိခြင်းတို့ကြောင့် နှစ်စဉ်လူ ၃ ဒသမ ၅ သန်းခန့် သေဆုံးနေရသည်။ WHO ၏ သုတေသနအရ ဝမ်းပျက်ဝမ်းလျှောရောဂါများကြောင့် ငါးနှစ်အောက် ကလေးငယ် ၉၀၀ ခန့် နေ့စဉ် သေဆုံးလျက်ရှိရာ နှစ်မိနစ်လျှင် ကလေးတစ်ဦးသေဆုံးနေခြင်းဖြစ်ပြီး နှစ်စဉ် ကလေးပေါင်း ၃၂၈၅၀၀ ခန့် သေဆုံးနေလျက်ရှိသည်။ ၂၀၃၀ ပြည့်နှစ်တွင် ရေရှားပါးမှုကြောင့် လူ သန်း ၇၀၀ ကျော် ရွှေ့ပြောင်းနေထိုင်ရနိုင်သည်ဟု ခန့်မှန်းထားရာ ကမ္ဘာ့အရေးသည် စိုးရိမ်ဖွယ်ဖြစ်သည်။

ရေရှားပါးမှုသည် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ဆုတ်ယုတ်လာစေသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏အချက်အလက်များအရ ကမ္ဘာ့လူဦးရေ ၁၁ ဦးတွင် တစ်ဦးသည် ငတ်မွတ်လျက်ရှိနေသည်။ ၂၀၅၀ ပြည့်နှစ်တွင် ခန့်မှန်းလူဦးရေ ၁၀ ဘီလီယံအတွက် ၂၀၁၀ ပြည့်နှစ် စားနပ်ရိက္ခာထက် ၅၆ ရာခိုင်နှုန်း ပိုမိုလိုအပ်လာမည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးရေးကဏ္ဍအတွက် ကမ္ဘာ့ရေချို၏ ၇၂ ရာခိုင်နှုန်းအား သုံးစွဲနေရခြင်းဖြစ်ရာ စနစ်တကျပြင်ဆင်မှုမရှိပါက စိုက်ပျိုးရေးကဏ္ဍ ရေအကျပ်အတည်းသည် စီမံရန်ခက်ခဲလာမည်ဖြစ်သည်။

**အမျိုးသမီးများနှင့် ရေချိုအကျပ်အတည်း**

၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေ သန်းပေါင်း ၈၃၀၀ တွင် အမျိုးသားဦးရေ ၅၀ ဒသမ ၃ ရာခိုင်နှုန်း၊ အမျိုးသမီးဦးရေမှာ ၄၉ ဒသမ ၇ ရာခိုင်နှုန်းခန့်ရှိရာ ကျား၊ မ အချိုး ကွာခြားမှုမှာ များစွာကြီးမားခြင်းမရှိပါ။ ထို့အတူ နေ့စဉ်ရေလိုအပ်မှုသည် ကျား၊ မ မကွာခြားဟုထင်စရာဖြစ်၏။ သို့ရာတွင် အမျိုးသမီးများသည် ဇီဝကမ္မဖြစ်စဉ်အရဖြစ်စေ၊ မိသားစုတာဝန်အရဖြစ်စေ ရေကိုအများဆုံးလိုအပ်သူများ၊ အခြေခံရေသုံးစွဲမှုကို နေ့စဉ်စီမံနေရသူများ၊ ရေရှားပါးမှုဆိုးကျိုးကိုပိုမိုခံစားရင်ဆိုင်နေရသူများဖြစ်ကြသည်။

**"ပုခက်လွှဲသောလက်သည် ကမ္ဘာကိုအုပ်စိုး၏"** ဟူသကဲ့သို့ အိမ်သုံးရေစီမံမှုသည် အမျိုးသမီးများနှင့်ခွဲခြား၍မရပါ။ အစားအစာချက်ပြုတ်ခြင်း၊ အဝတ်အထည်လျှော်ဖွပ်ခြင်း၊ ကလေးများ၏ သန့်ရှင်းမှုများဆောင်ရွက်ရခြင်း၊ သီးနှံပင်ရေလောင်းခြင်းစသည့် သောက်သုံးရေလိုအပ်မှုအား အမျိုးသမီးများနေ့စဉ်ရင်ဆိုင်ရလျက်ရှိသည်။ ထို့အတူ ရေသယ်ယူမှုနှင့်ဆက်စပ်၍ အမျိုးသမီးများသည်အမျိုးသားများထက်အချိန်သုံးဆခန့် ပိုမိုအနစ်နာခံကုန်ဆုံးရပြီး အမျိုးသမီးထုသည် တစ်နေ့လျှင် နာရီပေါင်း သန်း ၂၅၀ ခန့်အချိန်အား ရေခပ်ရန်အတွက် သုံးစွဲနေကြရသည်။ ကမ္ဘာ့အိမ်ထောင်စုသုံးစုတွင် နှစ်စု၌ ရေသယ်ယူခြင်းတာဝန်အား အမျိုးသမီးများမှ ဆောင်ရွက်ရလျက်ရှိသည်။

ကမ္ဘာ့အမျိုးသမီးဦးရေ၏ ၂၆ ရာခိုင်နှုန်းရှိသော အမျိုးသမီး ၁ ဒသမ ၁ ဘီလီယံသည် သန့်ရှင်းသော သောက်သုံးရေမရရှိပါ။ ရေရှားပါးပြီး မသန့်ရှင်းသော ကလေးမွေးဖွားရမှုများကြောင့် နှစ်စဉ် အမျိုးသမီး ၁ သန်းခန့်သေဆုံးလျက်ရှိနေသည်။ မွေးကင်းစကလေးသေဆုံးမှု

**ရေကဏ္ဍစုံဖွံ့ဖြိုးမှုသည် လူတစ်ဦးချင်းစီမှ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးမှုအထိ အရေးပါလှသည်။ ရေအရင်းအမြစ်များရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြီးငယ်မရွေး၊ ကျား၊ မ မဟူ၊ လူမျိုးဘာသာမခွဲခြား လူသားအားလုံးတွင် တာဝန်ကိုယ်စီရှိ . . .**

၂၆ ရာခိုင်နှုန်းနှင့် မိခင်သေဆုံးမှု ၁၁ ရာခိုင်နှုန်းသည် မသန့်ရှင်း၍ ရောဂါပိုးဝင်ခြင်းကြောင့်ဖြစ်သည်။ ဝေးကွာသောနေရာများသို့တစ်ဦးတည်း ရေခပ်သွားရခြင်းမှ အမျိုးသမီးများအကြမ်းဖက်ခံရမှု၊ ကျန်းမာရေးချို့ယွင်းလာမှု၊ စာသင်ချိန်၊ အနားယူချိန်ဆုံးရှုံးမှုကြောင့် ကိုယ်ရည်ကိုယ်သွေးကျဆင်းမှုများအားဖြစ်ပေါ်စေပြီး လူ့အသိုက်အဝန်းအား ထိခိုက်ယိုယွင်းလာစေလျက်ရှိသည်။

အမျိုးသမီးများသည် အိမ်သုံးရေစီမံခန့်ခွဲမှု၏ အဓိကဇာတ်ဆောင်များဖြစ်သော်လည်း အခြားရေအရင်းအမြစ်စီမံခန့်ခွဲမှုများနှင့် ရေစီမံမှုဆုံးဖြတ်ချက်ချမှတ်ရန်ပူးပေါင်းပါဝင်ရမှု အဆင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍသည် နောက်ကျလျက်ရှိနေသည်။ ရေနှင့်ဆက်စပ်သည့်ကဏ္ဍများတွင် အမျိုးသမီးများ၏ ဦးဆောင်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ ပါဝင်ပူးပေါင်းနိုင်မှုအားမြှင့်တင်ပေးရန် လိုအပ်လျက်ရှိနေသည်။ ကမ္ဘာ့နိုင်ငံများအနက် ကျေးလက်ရေစီမံခန့်ခွဲမှုစနစ်များတွင် အမျိုးသမီးများပါဝင်ရန် သီးသန့်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများပိုင်ဆိုင်သော နိုင်ငံအရေအတွက်မှာ ၅၀ အောက်တွင်သာရှိနေသဲဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၁၄ သို့ ▲**

# တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃)သို့ တက်ရောက်မည့်နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ

နေပြည်တော် မတ် ၂၀

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၃)သို့ တက်ရောက်ကြမည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှနိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့၊ နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃)သို့တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား အသုံးအဆောင်ပစ္စည်းများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးအားပေးစကား ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၃)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများပေးအပ်စဉ်။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၃-၂၀၂၆(စနေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၁၀ ဓမ္မပူဇာတေး
၃။ ၀၇:၂၅ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၄။ ၀၈:၂၀ မွေးမြူသုတ
၅။ ၀၈:၄၀ မောင်မယ်လေးများ သိစေချင်
၆။ ၀၉:၄၀ ဆွေမျိုးပေါက်ဖော်မှ ရသအစုံစုံ သုတအဖုံဖုံ
၇။ ၁၁:၄၀ ပန်းတို့၏အလှတရား
၈။ ၁၂:၃၀ လေးစားအတုယူစရာ စံနမူနာ သူရဲကောင်းများ
၉။ ၁၄:၁၅ ကျန်းမာသုတ
၁၀။ ၁၅:၁၅ ခရီးလည်းသွား စကားလည်းဆို
၁၁။ ၁၅:၅၀ ဇာတ်လမ်းတို
၁၂။ ၁၆:၃၅ တစ်ပတ်အတွင်း အားကစားသတင်း
၁၃။ ၁၆:၅၀ ကိုယ်လက်လှုပ်ရှား အားကစား
၁၄။ ၁၈:၄၀ နိုင်ငံတော်အတွက်အား MSME လုပ်ငန်းများ
၁၅။ ၁၉:၀၀ **(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း သစ္စာမျိုးဆက် (ပဥ္စမပိုင်း) သရုပ်ဆောင် ခန့်စည်သူ၊ အောင်ပိုင်၊ ဆုပန်ထွာ၊ မှဏ်း ဒါရိုက်တာ–အကယ်ဒမီ တင်အောင်စိုး (ပန်းမြို့တော်)**

▲ **စာမျက်နှာ ၁၃ မှအဆက်**

**ရေကဏ္ဍအတွက် အမျိုးသမီးများ၏စွမ်းအား**

နေနှင့်လ၊ ရေနှင့်မီး၊ အဖြူနှင့်အမည်း၊ မွေးဖွားခြင်းနှင့်သေဆုံးခြင်း၊ အဖိုနှင့်အမ စသည့် ဆန့်ကျင်ဘက် သဘောတရားများသည် သဘာဝ၏ ဟန်ချက်ညီတည်မြဲမှုအား ထိန်းသိမ်းထားကြခြင်းဖြစ်သည်။ တစ်ခုနှင့်တစ်ခုအပြန်အလှန်ထောက်ကူ၍ တစ်ခုလိုအပ်ချက်အား အခြားတစ်ခုက ဖြည့်ဆည်းပေးလျက်ရှိကြသည်။ ရေစီမံမှုများအတွက် အမျိုးသားများ၏ ခွန်အားပြည့်စုံမှု၊ နည်းပညာကျွမ်းကျင်မှု၊ ဆုံးဖြတ်ချက်ပြတ်သားမှု၊ အပင်ပန်းခံနိုင်မှုတို့သည် အရေးပါသကဲ့သို့ အမျိုးသမီးတို့၏ စနစ်တကျရှိမှု၊ ခွဲဝေသုံးစွဲတတ်မှု၊ ညှိနှိုင်းစေ့စပ်တတ်မှု၊ ထိုးထွင်းသိမြင်လွယ်မှုနှင့် အနုစိတ်ဖန်တီးတတ်မှုတို့ကလည်း များစွာအကျိုးပြုသည်။

**"ကျွမ်းကျင်ရာလိမ္မာ"** ဆိုသကဲ့သို့ အမျိုးသမီးများသည် မွေးရာပါသဘာဝအရ ရေစီမံခန့်ခွဲမှုနှင့်နီးစပ်ကြပြီး လူ့အသိုက်အဝန်း၏ ပင်မရေသုံးစွဲသူကိုယ်စားလှယ်များဖြစ်ကြသည်။ နိုင်ငံပေါင်း ၄၉ နိုင်ငံရှိရေစီမံကိန်း ၁၂၀ ခုအား လေ့လာမှုများအရ အမျိုးသမီးများပါဝင်မှုသည် စီမံကိန်းအောင်မြင်မှု၏ အရေးကြီးညွှန်းကိန်းဖြစ်ကြောင်းတွေ့ရှိရသည်။ ရေနှင့်ဆက်စပ်သည့် စီမံကိန်းများတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုဖြင့် စီမံကိန်းထိရောက်မှုအား ခုနစ်ဆအထိ ပိုမိုမြှင့်တင်ပေးနိုင်ကြောင်း သိရှိရသည်။

ကမ္ဘာ့နိုင်ငံများ၏ ရေစီမံခန့်ခွဲမှုများတွင် အမျိုးသမီးများပါဝင်မှုကြောင့် အောင်မြင်နေသောစီမံကိန်းများစွာရှိသည်။ အိန္ဒိယနိုင်ငံ သြရိဿ (Odisha) ပြည်နယ်တွင် Jal Jeeva Mission ဖြင့် ကျေးရွာရေအသုံးချမှုစနစ်တွင် အမျိုးသမီး ၅၀ ရာခိုင်နှုန်းကိုယ်စားပြုခြင်းဖြင့် အောင်မြင်လျက်ရှိသည်။ တာဂျစ်ကစ္စတန်နိုင်ငံတွင် ရေအသုံးချမှုအသင်း (WUA)နှင့် ရေအသုံးချသူများအဖွဲ့ (WUG)များအား စီမံခန့်ခွဲရန် အမျိုးသမီးများအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် အမျိုးသမီးခေါင်းဆောင်မှုကဏ္ဍအား ၂၅ ရာခိုင်နှုန်းအထိ တိုးတက်လာစေပြီး သီးနှံထုတ်လုပ်မှုတိုးတက်လာခဲ့သည်။ ဂျော်ဒန်၊ မော်ရိုကို၊ ကာဂျစ္စတန်၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ မိုဇမ်ဘစ်စသည့် နိုင်ငံတို့တွင်လည်း အမျိုးသမီးများပါဝင်မှုဖြင့် ရေကဏ္ဍဘက်စုံတိုးတက်လာလျက်ရှိသည်။

သို့ရာတွင် ရေစီမံခန့်ခွဲမှုတွင် အမျိုးသမီးများတွေ့ကြုံရနိုင်သော ဥပဒေဆိုင်ရာ၊ ဓလေ့ထုံးတမ်းဆိုင်ရာအခက်အခဲများရှိနေဆဲပင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံ ၇၀ တွင် ယနေ့အထိ လက်ခံကျင့်သုံးနေဆဲဖြစ်သော အမျိုးသမီးများအတွက် မြေယာပိုင်ဆိုင်ခွင့်နှင့် အမွေဆက်ခံခွင့်ဆိုင်ရာ အခက်အခဲများကြောင့် ရေအသုံးချမှုအသင်းများ၊ ရေစီမံခန့်ခွဲမှုများတွင်ပါဝင်ခွင့်ဆုံးရှုံးနေကြရသည်။ ပညာသင်ကြားခွင့်အားနည်းမှုကြောင့် နည်းပညာလိုအပ်မှု၊ မိသားစုအားပြုစုရသဖြင့် အချိန်ခွဲဝေရန်လိုအပ်မှုတို့သည်လည်း ကြီးမားသောအခက်အခဲများဖြစ်သည်။ ထိုအခက်အခဲများအား ဂရုတစိုက်နားထောင်နားလည်ပေးခြင်း၊ ကူညီဖြေရှင်းဆောင်ရွက်ပေးခြင်းတို့ဖြင့် အမျိုးသမီးတို့၏စွမ်းရည်အား ဖန်တီးမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

**ရေကဏ္ဍစုံဖွံ့ဖြိုးဖို့ ကျား၊ မတန်းတူပါဝင်စို့**

ရေဘက်စုံစီမံခန့်ခွဲမှု **(Integrated Water Resource Management–IWRM)** ဆိုသည်မှာ ရေသယံဇာတနှင့်ဂေဟစနစ်များအား မပျက်စီးစေဘဲ လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရှိစေရေးအတွက် ရေနှင့်ဆက်စပ်သော ကဏ္ဍအသီးသီးအား ခြုံငုံစဉ်းစား၍ ရေ၊ မြေနှင့် ဆက်စပ်သယံဇာတများအား စနစ်တကျစီမံခန့်ခွဲခြင်းဖြစ်သည်။ စိုက်ပျိုးရေ၊ အိမ်သုံးရေ၊ စက်မှုလုပ်ငန်းသုံးရေများအားစနစ်တကျ သိုလှောင်သုံးစွဲခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေစီမံခန့်ခွဲမှုတွင်အမျိုးသမီးများ၏အခန်းကဏ္ဍအား မြှင့်တင်ခြင်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နည်းပညာနှင့်လူသားအရင်းအမြစ်များတိုးတက်စေခြင်းစသည့် ရေနှင့်ဆက်စပ်သောစီမံခန့်ခွဲမှုလုပ်ငန်းများအားလုံး ပါဝင်သည်။

ကုလသမဂ္ဂ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင် (Sustainable Development Goal) ၁၇ ချက် အနက်မှ SDG–6 မှာ **"လူသားအားလုံး သန့်ရှင်းသောသောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေး(Clean Water and Sanitation)"** နှင့် SDG–5 မှာ **"ကျား၊ မတန်းတူညီမျှမှုရှိရေး (Gender Equality)"** ဖြစ်သည်။ SDG–5 နှင့် SDG–6 အောင်မြင်မှုသည် အခြား SDG များ ရုပ်လုံးပေါ်မှုအတွက်လည်း အကျိုးရှိမည်ဖြစ်သည်။ ရေသယံဇာတအရင်းအမြစ်များအား ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးထိန်းသိမ်းစောင့်ရှောက်ပေးကြရန်ရည်ရွယ်၍ ကမ္ဘာ့ကုလသမဂ္ဂ၏ ဦးဆောင်မှုဖြင့် **"ကမ္ဘာ့ရေနေ့"**အားလည်း ကမ္ဘာတစ်ဝန်းတွင်နှစ်စဉ်ကျင်းပကြလေ့ရှိသည်။

မြန်မာနိုင်ငံတွင် **အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ (National Water Resources Committee – NWRC)** အား ဖွဲ့စည်း၍ ဘက်စုံရေစီမံခန့်ခွဲမှုအား စနစ်တကျဆောင်ရွက်လျက်ရှိပြီး အမျိုးသားရေဥပဒေ (National Water Law) ရေးဆွဲအတည်ပြုနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိသည်။ ကော်မတီမှ ရေအရင်းအမြစ်များထိန်းသိမ်းရေး၊ ရေစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ကြီးကြပ်လျက်ရှိသည်။ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများကို ပေါင်းစပ်ညှိနှိုင်းပေးလျက် ရေအသိပညာပေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိသည်။

မြန်မာ့လူဦးရေ ၅၆ ဒသမ ၂ သန်းတွင် ၂၉ သန်းကျော်သည် အမျိုးသမီးများဖြစ်သည်။ ထိုအမျိုးသမီးတို့၏စွမ်းအားသည်လွန်စွာတန်ဖိုးရှိသည်ဖြစ်ရာ အမျိုးသမီးကဏ္ဍတိုးတက်ရေးအတွက် **မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ**ကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် စတင်ဖွဲ့စည်း၍ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ(NWRC)၊ ရေအသုံးချသူများအသင်း(WUA)၊ ရေအသုံးချသူများအဖွဲ့(WUG)၊ ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်(PIM) စသည့်ရေဆိုင်ရာကော်မတီ၊ အသင်းအဖွဲ့များတွင်အမျိုးသမီးများပိုမိုပူးပေါင်းပါဝင်ခြင်းဖြင့် ရေကဏ္ဍစုံပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သည်။

အချုပ်အားဖြင့် ရေကဏ္ဍစုံဖွံ့ဖြိုးမှုသည် လူတစ်ဦးချင်းစီမှ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးမှုအထိ အရေးပါလှသည်။ ရေအရင်းအမြစ်များရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြီးငယ်မရွေး၊ ကျား၊ မ မဟူ၊ လူမျိုးဘာသာမခွဲခြား လူသားအားလုံးတွင် တာဝန်ကိုယ်စီရှိကြသည်ဖြစ်ပေရာ **"ရေကဏ္ဍစုံဖွံ့ဖြိုးဖို့ ကျား၊ မတန်းတူပါဝင်စို့"** ဟု ၂၀၂၆ ခုနှစ် ကမ္ဘာ့ရေနေ့အား ကဗျာတစ်ပုဒ်ရေးဖွဲ့၍ နှုတ်ဆက်ဂုဏ်ပြုအပ်ပါသည်။ ။

**"ရေ"**

* အမေ့မီးဖိုချောင်ကနေ
ကမ္ဘာ့ငြိမ်းချမ်းရေး မူဘောင်အထိ
ရေဟာ အဓိကဇာတ်ဆောင် ဖြစ်ပါသတဲ့...။

* အသက်ဇီဝ၊ စိတ်သုခနှင့်
လူနေမှုဘဝအားလုံး၊ သူကစုရုံးခြယ်လှယ်...။

* မြစ်တွေခန်းခြောက်၊ ကန်တွေပျောက်လို့
မိုးပေါက်တွေ နည်းလာတဲ့အခါ...။
(ဟိုမှာ...) ရေသယ်အိုးက ခိုးယူသွားတဲ့
သမီးလေးရဲ့ ကြိုးစားရမယ့် စာသင်ချိန်တွေ...။
မိုးခေါင် ရေပြတ်နေကြတဲ့
ခြောက်ကပ်ကပ် စပါးခင်းတွေ...။

* လယ်ယာတွေ စိမ်းစိုလက်လို့
ပုခက်လွှဲလက်တွေ သန်မာတဲ့အခါမှသာ
ကမ္ဘာမြေဟာ အစစ်အမှန် သာယာပါသတဲ့။
(ဒါ့ကြောင့်) ရေကဏ္ဍစုံဖွံ့ဖြိုးဖို့
ကျား၊မ တန်းတူ ပါဝင်ကြပါစို့။ ။

# ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး မော်လမြိုင်မြို့ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဆေးကုသမှုခံယူနေသူ တစ်ဦးအား ချီးမြှင့်ငွေနှင့် အာဟာရဖြည့်စားသောက် ဖွယ်ရာများပေးအပ်စဉ်။

နေပြည်တော် မတ် ၂၀

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ ပြည်သူ့စစ်မှုထမ်းများ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း၏ ဒဏ်ရာရရှိမှု၊ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီးမေးမြန်း၍ အားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအတွက် ချီးမြှင့်ငွေနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

# တက္ကသိုလ်/ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၅)၏သင်တန်းဆင်းပွဲကျင်းပ





နေပြည်တော် မတ် ၂၀

တက္ကသိုလ်/ ကောလိပ် ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၅)၏ သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဦးစိုးမင်းဦးကနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက်အဓိကလိုအပ်ချက်သည် နိုင်ငံသားအားလုံး အသိဉာဏ်ပညာပြည့်ဝရေးနှင့် အတွေးအခေါ်မှန်ကန်ရေးဖြစ်ကြောင်း၊ ယခုသင်တန်းကို တက္ကသိုလ်/ကောလိပ်အသီးသီးရှိ သင်ကြားရေး ဆရာ၊ ဆရာမများ၏ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စေပြီး အဆင့်မြင့်ပညာရေးနှင့် စပ်လျဉ်းသော ဗဟုသုတများ၊ နိုင်ငံ့ဝန်ထမ်းများနှင့်သက်ဆိုင်သော အသိပညာများတိုးပွားလာစေရန်၊ အစုအဖွဲ့ဖြင့် လုပ်ကိုင်ဆောင်ရွက်ရာတွင် ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်နိုင်ပြီး ယုံကြည်ချက်၊ ခံယူချက်၊ စိတ်နေစိတ်ထားများ ပိုမိုကောင်းမွန်လာစေရန်နှင့် အခြေခံကာကွယ်ရေးပညာကို နားလည်သဘောပေါက်စေရန် အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနရှစ်ခုမှ သင်တန်းသား ၆၈ ဦး၊ သင်တန်းသူ ၃၀၅ ဦး စုစုပေါင်း ၃၇၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် တက္ကသိုလ်တာဝန်ရှိသူများနှင့်အတူ တက္ကသိုလ်ရှိပတ္တမြားခန်းမတွင် အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားကာ တက္ကသိုလ်စာကြည့်တိုက်၊ မဟော်သဓာခန်းမနှင့် စစ်တောင်းဆောင် ပြင်ဆင်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ တက္ကသိုလ်တွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားရှိသည့် စိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စံပယ်ဆောင်တွင် အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၀၅) သင်တန်းသူများနှင့်အတူ နေ့လယ်စာအတူ သုံးဆောင်ခဲ့ကြောင်းသိရသည်။ မြဝတီ

# "ပျောက်ကွယ်နေသော သမိုင်းပုံရိပ်များ" သုတေသနစာတမ်းဖတ်ပွဲကျင်းပ





နေပြည်တော် မတ် ၂၀

"ပျောက်ကွယ်နေသော သမိုင်းပုံရိပ်များ" သုတေသနစာတမ်းဖတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံက မြန်မာ့သမိုင်းစဉ်တစ်လျှောက် ခိုင်မာသည့် အထောက်အထားများဖြင့် မှတ်တမ်းတင်နိုင်ခဲ့သော ဖြစ်ရပ်များစွာရှိသကဲ့သို့ ခေတ်ကာလများရွေ့လျားလာသည်နှင့်အမျှ မေးမှိန်ပျောက်ကွယ်သွားရသည့် အဖိုးတန်သမိုင်းပုံရိပ်များစွာရှိနေခဲ့သည်မှာလည်း အမှန်ပင်ဖြစ်ကြောင်း၊ ၎င်းတို့အနက် အချို့က ခိုင်လုံသောအထောက်အထားအားနည်းခြင်း၊ စနစ်တကျမှတ်တမ်းမတင်နိုင်ခြင်း၊ ယဉ်ကျေးမှုအထောက်အထား အရေးအနေှာများကြား ပျောက်ဆုံးသွားခဲ့ခြင်းများရှိသကဲ့သို့ ရာသီဥတုနှင့် သဘာဝဘေးဒဏ်တို့ကြောင့် ပျက်စီးရခြင်း၊ ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်း အားနည်းသည့်နေရာများတွင် ရောက်ရှိနေခြင်းတို့ကြောင့် မြန်မာ့သမိုင်းတွင် မဖြည့်စွက်နိုင်သေးသော ပုံရိပ်များအဖြစ် ပျောက်ကွယ်နေသည်များလည်းရှိခဲ့ကြောင်း၊ ထိုပျောက်ကွယ်နေသော သမိုင်းပုံရိပ်အထောက်အထားများကိုရှာဖွေဖော်ထုတ်၍ ကဏ္ဍအသီးသီးတွင် တိမ်မြုပ်နေသည့် သမိုင်းလစ်ဟာကွက်များ၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တန်ဖိုးများကို မည်ကဲ့သို့ သုတေသနပြုပုံဖော်တင်ပြကြမည်ဆိုသည်ကို နားထောင်လေ့လာသုံးသပ်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သုတေသနစာတမ်းဖတ်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နံနက်ပိုင်း စာတမ်းဖတ်ကြားခြင်းအစီအစဉ်တွင် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာတိုးလှက သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြန်မာသမိုင်းအဖွဲ့ဝင် ဒေါက်တာမြင့်သိန်းက "ဒုတိယအင်္ဂလိပ်-မြန်မာစစ်အပြီး နယ်ခြားမျဉ်းသတ်မှတ်ချက်နှင့်သက်ရောက်မှု"စာတမ်းနှင့်မြန်မာသမိုင်းအဖွဲ့ဝင် ဦးနီတွတ်က "အရိမဒ္ဒနပူရ ပုဂံပြည်၊ သစ်မတီရပ် ဒုတိယအကြိမ် တိုင်းပြည်ပြန်လည်ထူထောင်ခြင်း" စာတမ်းများကို ဖတ်ကြားဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာသမိုင်းအဖွဲ့ဝင်ဒေါက်တာမြင့်သိန်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမွန်သီရိစိုးက "အနောက်နိုင်ငံသံတမန်မှတ်တမ်းများမှတစ်ဆင့် တိမ်မြုပ်နေသော သမိုင်းပုံရိပ်များအား လေ့လာဆန်းစစ်ခြင်း (၁၇၅၂ - ၁၈၅၂)" စာတမ်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်မာလာလွင်က "စလေဒေသပုရပိုက်များမှတွေ့ရသော တရားစီရင်ရေးဓလေ့" စာတမ်းများကိုဖတ်ကြားဆွေးနွေးကြသည်၊

ညနေပိုင်းတွင် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာတိုးလှက သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြန်မာသမိုင်းအဖွဲ့ အချိန်ပိုင်းအဖွဲ့ဝင် ဦးကျော်စိုးက "ပုရပိုက်ထဲမှ ရွှေပြည်ရန်အောင် သမိုင်းပုံရိပ်" စာတမ်းကို ဖတ်ကြားဆွေးနွေးရာ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့်ဌာနဆိုင်ရာများက အကြံပြုမေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ယနေ့ဖတ်ကြားတင်ပြကြသည့် သုတေသနစာတမ်းငါးစောင်သည် ယခင်ကမသိသေးသည့် ပျောက်ကွယ်နေသော သမိုင်းပုံရိပ်များကို စူးစမ်းရှာဖွေဖော်ထုတ်ပြီး သမိုင်းအမြင်သစ်များဖြင့် တင်ပြသည့် စာတမ်းများဖြစ်ပြီး ထိုစာတမ်းများထဲက သင်ခန်းစာများ၊ အကြံဉာဏ်များ၊ အသိပညာများနှင့် အနာဂတ်ဆီသို့ လျှောက်လှမ်းနိုင်ရန်အတွက် ဗဟုသုတများ တိုးပွားရရှိစေကြောင်း ပြောကြားပြီးသမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သဘာပတိများနှင့်စာတမ်းရှင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။


စာတမ်းဖတ်ပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာသမိုင်းအဖွဲ့ဝင် ဆရာကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စာတမ်းရှင်များနှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲမှ မြန်မာသမိုင်းအဖွဲ့ဝင် ဆရာကြီး၊ ဆရာမကြီးများနှင့် ဝန်ထမ်းများက အွန်လိုင်းဖြင့်တက်ရောက်ကြကြောင်း သိရသည်။ မြဝတီ




တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့တက်ရောက်လာကြသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။




တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်။

→ ရှေ့ဖုံးမှအဆက်

ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၈၆ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၈၅ ဦး တက်ရောက်သဖြင့်တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၈၃ ရှိပြီး ထက်ဝက်ကျော်တက်ရောက်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာအစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၀ နှင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၄ တို့အရ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် ဒုတိယသမ္မတတစ်ဦးစီကို ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် ဒုတိယသမ္မတလောင်းများအဆိုပြုရမည့် လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို မတ်လ ၃၀ ရက်တွင် စတင်ကျင်းပရန် သတ်မှတ်ကြေညာသည်။

နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့နှင့် တပ်မတော်သားလွှတ်တော်

# တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့၌ ပြည်ထောင်စုလွှတ်တော်နာယကက ပြောကြားသည့် နှုတ်ခွန်းဆက်စကား




ယနေ့ကျင်းပတဲ့ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပထမနေ့ကို တက်ရောက်လာကြတဲ့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များ အားလုံး ကိုယ်၏ကျန်းမာခြင်းစိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော့်ကို တတိယအကြိမ်အမျိုးသားလွှတ်တော်ရဲ့ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၆၊ ပုဒ်မခွဲ(က)အရ ပြည်ထောင်စုလွှတ်တော်နာယကတာဝန်ကို လွှတ်တော်သက်တမ်းကာလ ၂ နှစ်ခွဲ၊ လပေါင်း ၃၀ ပူးတွဲ တာဝန်ထမ်းဆောင်ရမှာဖြစ်လို့ များစွာ ဂုဏ်ယူဝမ်းမြောက်မိကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့ဟာဆိုရင် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကနေ နိုင်ငံသူနိုင်ငံသားများရဲ့ ဆန္ဒနဲ့အညီ ရွေးကောက်တင်မြှောက်ခံထားရတဲ့ ပြည်သူ့ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ စုံစုံလင်လင်စုစည်းတက်ရောက်လာကြတဲ့ တတိယအကြိမ်ပြည်ထောင်စုလွှတ်တော်ပထမပုံမှန်အစည်းအဝေး ပထမဦးဆုံးနေ့ဖြစ်ပါတယ်။

**ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား**

ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းကြောင်းဖြစ်စဉ်နဲ့ ခေတ်ကာလရဲ့ တောင်းဆိုချက်အရ နိုင်ငံတော်နဲ့ ပြည်သူအများစုရဲ့ လိုအင်ဆန္ဒပန်းတိုင်ဟာ စစ်မှန် စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး ပေါ်ထွန်းရေးဖြစ်ပါတယ်။ အဲ့ဒီပန်းတိုင်ကို အမြန်ဆုံးရောက်ရှိဖို့ ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရေးဟာ အလွန်အရေးကြီးပါတယ်၊ ဒီမိုကရေစီခရီးလမ်းလျှောက်လှမ်းနိုင်ဖို့အတွက် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကြားကပင် လက်ရှိနိုင်ငံတော်အစိုးရက မဆုတ်မနစ်တဲ့ ဇွဲလုံ့လတို့နဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်သန့်ရှင်းစွာ၊ တရားမျှတပြီး သိက္ခာရှိစွာနဲ့ နိုင်ငံတကာလေ့လာသူများ ရှေ့မှောက်မှာ အောင်မြင်စွာ ကျင်းပပေးခဲ့တာဖြစ်ပါတယ်။ ပြည်သူက ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တော်ကြီးများဟာလည်း ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်နိုင်ဖို့ အခုလို လွှတ်တော်အစည်းအဝေးတွေကို ကျင်းပပြုလုပ်နိုင်ခဲ့တာဖြစ်ပါတယ်။

တတိယအကြိမ် လွှတ်တော်အသီးသီးရဲ့ ပထမပုံမှန်အစည်းအဝေးမှာ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အရေးကြီးကိစ္စရပ်များဖြစ်တဲ့ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်တဲ့ကိစ္စရပ်တွေ၊ လွှတ်တော်ဥက္ကဋ္ဌ/ဒုဥက္ကဋ္ဌများ ရွေးကောက်တင်မြှောက်တာတွေ၊ ပြည်ထောင်စုအစိုးရ ဖွဲ့စည်းတာ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်တွေကို ခန့်အပ်တာဝန်ပေးအပ်ခြင်းဆိုင်ရာကိစ္စရပ်တွေ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ ဖွဲ့စည်းတာတွေ၊ လွှတ်တော်ရေးရာကော်မတီ၊ ပူးပေါင်းကော်မတီဖွဲ့စည်းတာတွေနဲ့ စပ်လျဉ်းပြီး လွှတ်တော်တွေရဲ့ အဆုံးအဖြတ်ရယူကာ အတည်ပြုရေးလုပ်ငန်းတွေကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

**ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-**

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ ဖြစ်ပွားခဲ့တဲ့ မန္တလေးငလျင်ကြီးရဲ့ လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုတွေကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခဲ့လို့ ယခုလိုလွှတ်တော် အစည်းအဝေးတွေကို အောင်မြင်စွာကျင်းပနိုင်တာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အခြေအနေနဲ့ လိုက်လျောညီထွေစွာ၊ နိုင်ငံသားတွေရဲ့ ဂုဏ်တွေနဲ့ လိုက်လျောညီထွေစွာ ဒီလိုခံ့ညားထည်ဝါတဲ့ လွှတ်တော်အဆောက်အအုံကြီးတွေကို ပြုပြင်တည်ဆောက်ပေးတာ၊ လွှတ်တော်ကိုယ်စားလှယ်များ ရောက်ရှိလာတဲ့အခါမှာ အစစအရာရာ လိုလေသေးမရှိအောင် ကြိုတင်မြော်တွေးပြီး ဆောင်ရွက်ပေးခဲ့တာတွေအတွက် ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်အစိုးရ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း လေးစားစွာပြောကြားလိုပါတယ်။

ပြည်ထောင်စုလွှတ်တော်ကြီးဟာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့မှာ တင်သွင်းဆွေးနွေးကြတဲ့ ဥပဒေကြမ်းတွေကို အတည်ပြုပေးရတဲ့ လွှတ်တော်ကြီးဖြစ်တဲ့အပြင် နိုင်ငံတော်အတွက် အရေးကြီးတဲ့ ကိစ္စရပ်တွေကို အဆုံးအဖြတ်ပေးရတဲ့ လွှတ်တော်ကြီးဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်ရဲ့ အခန်းကဏ္ဍဂုဏ်ဒြပ်ဟာမြင့်မားပါတယ်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အခန်းကဏ္ဍဟာလည်း အရေးပါပါတယ်။

ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်တွေ အနေနဲ့သတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေကို လေးစားလိုက်နာပြီး စံပြဖြစ်အောင် နေထိုင်ကြဖို့ လိုပါတယ်။ ဒါ့အပြင် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲမထားဘဲ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကိုသာ ဦးထိပ်ထားပြီး မတူကွဲပြားခြားနားတဲ့ အမြင်တွေအပေါ်မှာ ပိုမိုကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေ ထွက်ပေါ်လာစေဖို့ အပြန်အလှန်လေးစားမှုနဲ့ ဆွေးနွေးညှိနှိုင်းကြရမှာဖြစ်ပါတယ်။

တစ်ခါတစ်ရံ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲတဲ့ ဥပဒေကြမ်းတွေကို ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်ကြတဲ့အခါမှာလည်း လွှတ်တော်စွဲ၊ ဝါဒစွဲ၊ ပါတီစွဲစတာတွေမထားရှိဘဲ ပိုမိုကောင်းမွန်တဲ့ ဥပဒေပြဋ္ဌာန်းချက်များ ဖြစ်ပေါ်လာစေရေးကိုသာဦးတည်ပြီး နားလည်မှု၊ စည်းလုံးညီညွတ်မှုတို့ကိုအခြေခံပြီး ဆွေးနွေးသွားကြဖို့ ဖြစ်ပါတယ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေချင်တာ၊ ထာဝရငြိမ်းချမ်းရေးရရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်လိုတာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ တူညီတဲ့ ဆန္ဒဖြစ်ပြီး ဘုံရည်မှန်းချက်လည်း ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမယ့် ကိစ္စရပ်တွေကို အပြန်အလှန် နားလည်မှုနဲ့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ညှိနှိုင်းတိုင်ပင် ဆွေးနွေးကြရမှာဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်ရဲ့ အဓိကတာဝန်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော် အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတွေကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနဲ့ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ကိုပြုရာမှာ ဥပဒေပြုခြင်းနဲ့ ထိန်းကျောင်းဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတိုင်းဟာ အဖွဲ့အစည်းတစ်ခုရဲ့ အကျိုးစီးပွား၊ ပုဂ္ဂလိက အကျိုးစီးပွားထက် နိုင်ငံတော်ရဲ့ အကျိုးစီးပွား နိုင်ငံသူနိုင်ငံသားများရဲ့ အကျိုးစီးပွားကို အဓိကဖော်ဆောင်ပေးတဲ့ ဥပဒေများဖြစ်ရပါမယ်။ လက်ရှိမျက်မှောက်ကာလမှာ ခေတ်စနစ်နဲ့မကိုက်ညီတော့တဲ့ ဥပဒေများကိုပြန်လည်လေ့လာဆန်းစစ်ပြီး လိုအပ်သလို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ နိုင်ငံတော်နဲ့ နိုင်ငံသူနိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေတဲ့ ဥပဒေအသစ်များ တင်သွင်းခြင်း၊ ဆွေးနွေးအတည်ပြုခြင်းများအပြင် လက်ရှိတည်ဆဲဥပဒေများရဲ့ အာဏာသက်ရောက်မှု ရှိ၊ မရှိ ပြန်လည်ဆန်းစစ်ပြီး လိုအပ်ပါက ပြင်ဆင်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများမှာ ပါဝင်တဲ့ ဥပဒေပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်တွေကို ကြေညက်အောင်လေ့လာထားပြီး တိတိကျကျလိုက်နာဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဥပဒေပြု လွှတ်တော်ကြီးအတွင်းကို ရောက်ရှိလာတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ နိုင်ငံတော်နဲ့ပြည်သူများရဲ့အကျိုးကို အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေး မဏ္ဍိုင်များပူးပေါင်းပြီး လွှတ်တော်အတွင်းမှာ ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်မှာဖြစ်လို့ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံနဲ့ ပူးပေါင်းဆွေးနွေးလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား –**

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုလွှတ်တော် နာယကအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရတဲ့ကာလအတွင်း ဖြောင့်မတ်မှန်ကန်ပြီး သစ္စာရှိစွာနဲ့ နိုင်ငံသူနိုင်ငံသားများ လိုလားတဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးကို အလေးထားကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီမိုကရေစီအလေ့အထများနဲ့ အညီကျင်းပတဲ့ လွှတ်တော်မှာ ကျွန်တော်တို့အားလုံး လိုက်နာကျင့်သုံးရမယ့် ဥပဒေ၊ နည်းဥပဒေ၊ ဓလေ့ထုံးတမ်းတွေဟာ နောင်လာနောက်သားတွေအတွက် စံနမူပြစရာ အစဉ်အလာကောင်းတွေဖြစ်အောင် အားလုံး ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းပါကြောင်းနဲ့ ပြည်သူများယုံကြည်အားထားရတဲ့ လွှတ်တော်တစ်ရပ်ဖော်ဆောင်နိုင်မယ်လို့ ယုံကြည်ပါကြောင်းပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။

ကိုယ်စားလှယ်များအစုအဖွဲ့ ၃ဖွဲ့ဖွဲ့စည်းပြီး တစ်ဖွဲ့စီက ဒုတိယသမ္မတတစ်ဦးစီကို ရွေးချယ်တင်မြှောက်ကြမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က အစုအဖွဲ့အလိုက် အစည်းအဝေးများကို ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ လည်းကောင်း၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌လည်းကောင်း၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သတ်မှတ်ပေးသည့်နေရာ၌လည်းကောင်း ကျင်းပပြုလုပ်ကြရမည်ဖြစ်ကြောင်းအသိပေးကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က သက်ဆိုင်ရာ အစုအဖွဲ့အလိုက် ဒုတိယသမ္မတ တစ်ဦးစီ ရွေးချယ်တင်မြှောက်ပြီးပါက သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်တင်မြှောက်ခံရသည့် ဒုတိယသမ္မတ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ပေးပို့တင်ပြရန်၊ အလားတူ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က တာဝန်ပေးအပ်သည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကလည်း ၎င်းတို့အစုအဖွဲ့က ရွေးချယ်တင်မြှောက်ထားသည့် ဒုတိယသမ္မတ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော် နာယကထံသို့ပေးပို့တင်ပြရန်၊ တစ်ဆက်တည်းတွင် နိုင်ငံတော်သမ္မတစိစစ်ရေးအဖွဲ့တွင် လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့်အတူ ပါဝင်ရန်အတွက် ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး၊ ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးနှင့် တပ်မတော်သား အစုအဖွဲ့က လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့ကိုလည်း တစ်ပါတည်းရွေးချယ်ပြီး အမည်စာရင်းပေးပို့သွားကြရန်၊ အမည်စာရင်းများ ရရှိပြီးသည့်အခါ နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ/မရှိ ကို စိစစ်ခြင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး ဒုတိယနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Online-scammers and related items seized in Muse, Shan State (North) and Laihka, Shan State (South)

NAY PYI TAW March 20

The Myanmar government has been annihilating online scam and gambling, which is endangering the world and the international community, in all seriousness, as a national task, and cooperating and coordinating with governments of the neighbouring countries, alongside the internal forces in energetically crushing and totally preventing the illegal business from taking foothold in Myanmar.

Acting on information provided by duty-conscious locals that online scam and gambling was conducted in Kaunghmuton, Tawywet and Swamsaw wards, Muse Township, security forces carrying out area security operations and online scam and gambling operations in Shan State (North) took synchronized action in searching and investigating the said area and exposing the suspects and related materials this morning.

The photo shows the buildings where online scam and gambling business was conducted in Laihka.




Mini power stations.



Freezers.

In carrying out these operations, authorities uncovered and seized 85 Chinese nationals who were engaged in online fraud and gambling activities inside a house in Kaunghmuton Ward, along with 286 mobile phones, 30 computers, 28 laptops, and one building. Additionally, in a house in Tawywet Ward, authorities seized 46 mobile phones and 18 computers used for online fraud and gambling. In a house in Swamsaw Ward, they seized 85 mobile phones and 10 computers used for such activities.





The building where online scammers and gamblers were found and arrested, and related items in Muse.

Furthermore, security forces conducting area clearance operations around Kaung San Village in Laihka Township, southern Shan State, discovered in the evening today, approximately 3,000 meters west of the village, two buildings measuring 130 feet in length and 50 feet in width, three residential buildings measuring 90 feet in length and 30 feet in width, three residential buildings measuring 60 feet in length and 30 feet in width, one warehouse measuring 150 feet in length and 50 feet in width, one building measuring 180 feet in length and 60 feet in width, along with 10 Starlink devices, 55 All-in-One computers, 10 power stations, and related equipment.

It is reported that those arrested for engaging in these online fraud and gambling activities, along with the seized related equipment, will be processed in accordance with established procedures.

The State is actively continuing its efforts, in collaboration with neighbouring countries, regional nations, and international organizations, to eradicate online fraud and gambling operations and to prevent such activities from establishing a foothold within Myanmar.





The photo shows the buildings where online scam and gambling business was conducted in Laihka.

100

# Farmers reap more than 410,000 acres of rainfed paddy in Pathein District

PATHEIN March 20

Pathein District Agriculture Department of Ayeyawady Region stated that local farmers have harvested 416,052 acres of rainfed in the district.

In Pathein District, a total of 506,663 acres of rainfed monsoon paddy were cultivated during the monsoon cropping season. Harvesting of these paddy fields began in the first week of October 2025, and as of today, harvesting has been completed on 416,052 acres. The harvested paddy is yielding up to 99.66 baskets per acre.

"In Pathein District, more than 500,000 acres of monsoon paddy were cultivated in total. At present, harvesting has been completed on over 410,000 acres. Measures were taken to prevent pest and disease outbreaks in the paddy fields. To ensure smooth cultivation without difficulties this year, farmers and relevant departments worked together from before planting up to the present time," said Daw Aye Aye Mu, Head of the Pathein District Department of Agriculture.



Regarding township-wise completion of harvesting of monsoon paddy cultivated this year in Pathein District, Pathein Township has completed harvesting on 70,439 acres, Kangyidaunt Township on 129,878 acres, Thabaung Township on 37,370 acres, and Ngaputaw Township on 178,365 acres.

**SK**

# YeU Township expands sown acreage of butter bean



YEU March 20

According to YeU District Agriculture Department, local farmers expanded sown acreage of butter bean in YeU Township of Sagaing Region this year.

During the 2025-2026 winter cropping season, YeU Township planned to cultivate 3,147 acres of butter bean crops. Planting began in October 2025, and as of today, a total of 3,498 acres have been successfully cultivated.

"During the winter cropping season in YeU Township, butter beans were planned for cultivation on 3,147 acres, but 3,498 acres have already been completed. This means cultivation has expanded beyond the original target. Butter beans are grown only in the winter season, and production has been successful. As butter beans fetch good market prices, farmers rely on this crop for cultivation," said U Zaw Myint Htun, District Head of the YeU District Department of Agriculture.

In YeU Township, local farmers are growing butter beans both as a sole crop and, in some cases, as an intercropped crop to generate additional income during this year's rainy-season cultivation period.

For farmers cultivating various types of beans in YeU Township, the Township Department of Agriculture is providing assistance and necessary technical support to improve crop yields and encourage the use of high-quality, pure seed varieties. In addition, awareness activities are being carried out on the preparation and use of natural pesticides for early prevention of crop pests and diseases, as well as timely harvesting practices.

**SMK**

# Monywa Township cultivates more than 16,000 acres of chickpea

MONYWA March 20

Local farmers planted 16,511 acres of chickpea as cold season crops in Monywa Township of Sagaing Region this cold season, according to the township Agriculture Department.

During the 2025-2026 winter crop planting season, Monywa Township planned to cultivate chickpea on 17,790 acres. Planting began in October 2025, and as of now, 16,511 acres have been successfully planted.

"During the winter crop season in Monywa Township, 17,790 acres of chickpea were planned, and we have managed to plant 16,511 acres. To ensure good yields and high-quality chickpeas, we have worked closely with farmers to provide them with high-quality seeds, fertilizers, and training on proper post-harvest techniques," said U Soe Thet Aung, Head of the Monywa Township Agriculture Department.

For chickpea cultivation, farmers select varieties suitable to the local conditions, including Yezin-8 and Yezin-11 strains. It is estimated that planting one acre of chickpeas costs over Ks-300,000.

In Monywa Township, during the winter crop season, various types of legumes are planted, and to ensure good yields and quality, high-quality seeds, fertilizers, and post-harvest technical guidance are provided in collaboration with farmers. Farmers are also guided on the use of Trichoderma mushrooms during the planting of different legume varieties to enhance productivity.

Sagaing Region is the largest area in the country for cultivating various types of legumes. Farmers can grow legumes as the main crop or interplant them with other crops, making legumes an important source of income.

**SMK**

# Target cultivation of vegetables exceeds in Kalay Township

KALAY March 20

Statistics of Kalay Township Agriculture Department of Sagaing Region stated that local farmers grow vegetables on croplands as cold season crops in the township, exceeding the target cultivation.

During the 2025-2026 winter cropping season, Kalay Township planned to cultivate 9,121 acres of vegetable crops. Planting began in October 2025, and as of today, a total of 10,191 acres have been successfully cultivated.

"In Kalay Township, vegetable cultivation was planned for 9,121 acres, but 10,191 acres have already been completed. This means cultivation has exceeded the target area. The crops include mustard greens, chilli, culinary herbs and spices, Chinese cabbage, potatoes, cabbage, eggplant, and cauliflower. Farmers are provided with technical guidance so that all vegetables can be cultivated under the GAP system. We have also provided technical support to ensure that vegetables are grown in a health-compliant manner with minimal chemical residues," said Daw Marn Ewh, Township Head of the Kalay Township Department of Agriculture.

In Kalay Township, the Department of Agriculture is providing technical training to vegetable farmers on GAP-based cultivation methods, offering guidance to ensure that vegetables produced from farms are safe and healthy, and supporting farmers to expand vegetable cultivation, according to reports.

Vegetables of various types are grown seasonally each year in Kalay Township. These crops have been producing good yields, contributing to household incomes. The Township Department of Agriculture is also providing awareness and education to prospective vegetable farmers on proper cultivation techniques, pest prevention, and the production and use of natural fertilizers, natural pesticides, and pest-control measures.

**SK**

# 55 injured, 14 missing in S. Korea's auto parts factory fire



DAEJEON March 20

A large-scale fire broke out Friday at an automotive parts manufacturing factory in Daejeon in South Korea, leaving 55 people injured and 14 others missing, local fire authorities confirmed.

Fire officials on site told Xinhua that, at around 10:30 pm. local time, an initial structural safety diagnosis was completed, and rescue teams had entered the building from the second floor to begin search operations.

Earlier, entry had been delayed due to concerns over possible collapse. Rescue workers were observed using cranes and drones to assess the structural stability of the damaged buildings in order to determine whether nighttime search operations can be carried out.

The blaze started at about 1:17 pm. local time (0417 GMT) at the factory, located about 140 km southeast of Seoul. At the time of the incident, around 170 employees were inside the facility, of whom 101 had been evacuated.

The number of injured has risen to 55, including 24 in serious condition and 31 with minor injuries. Some victims suffered from smoke inhalation, while others were injured after jumping from the burning building.

Less than an hour after the fire was reported, the National Fire Agency issued a nationwide mobilization order, dispatching firefighting resources from across the country. About 90 fire trucks and equipment, along with some 200 firefighters, have been deployed, while helicopters from the Korea Forest Service were also mobilized to help contain the blaze.

The factory consists of two prefabricated buildings connected by a walkway. One building has been destroyed, and flames have spread to the other. Authorities said approximately 200 kg of sodium was stored inside the facility, raising concerns over possible explosions.

The Chinese embassy in South Korea told Xinhua that, as of now, there have been no reports of Chinese nationals among the injured or missing in the fire.

**Xinhua**

# Europe won't survive without Russian oil, reality to dawn in couple of weeks - Orban

MOSCOW March 20

Europe will not survive without Russian oil with a global fuel shortage fast approaching - a reality that will become obvious to everyone within a couple of weeks, Hungarian Prime Minister Viktor Orban said on Friday.

"The reality is that a global oil shortage is now knocking at the door. The strategy Europeans are pursuing is simply crazy. We need Russian oil—we cannot survive this increasingly serious situation without Russian fuel and energy. Anyone who denies that will see how obvious it is in no more than a week," Orbán told reporters after the EU summit.

Not only does Hungary need oil supplies through the Druzhba pipeline restored, but also guarantees from Kiev that such a blockade will not occur again, Orban emphasized.

"It is not just about oil coming to us, we also need to get guarantees [from Ukraine] that this will not happen again," Orban told reporters after the EU summit in Brussels.

On January 27, Ukraine halted the flow of oil to Hungary and Slovakia. In response, Hungarian Foreign Minister Peter Szijjarto said on February 23 that Hungary had blocked the 20th package of EU sanctions against Russia and a 90 billion euro loan to Kiev because of the Druzhba shutdown. On March 5, Orban said that Hungary would not compromise with Ukraine over the Druzhba blockade and would make the Ukrainians resume pumping oil "by force."

**Sputnik**

# Damage to LNG hub could take up to five years to repair — Reports

DOHA March 20

Strikes on Qatar's Ras Laffan complex have shut down part of the world's largest LNG facility, with damage that could take up to five years to repair, Bloomberg reported.

Each week of outage means a loss of energy equivalent to powering a city like Sydney for a year, the report noted.

According to Bloomberg, many countries rely on supplies moving through the Strait of Hormuz for more than a quarter of their gas consumption, meaning even a short conflict could reshape global markets for years.

"We are now well on our way to a doomsday gas crisis scenario," said analyst Saul Kavonic.

"Even once the war ends, the disruption to LNG supply could last for months or even years." Shortages are already emerging in parts of Asia, where LNG is widely used in industry, from fertilizer to glass production, the report said.

**Sputnik**

# Thai King endorses Anutin Charnvirakul as PM after re-election

BANGKOK March 20

Thailand's King Maha Vajiralongkorn has endorsed Anutin Charnvirakul as the country's prime minister, Secretary-General of the House of Representatives SirotePaetphan announced on Friday.

In a ceremony held at the Bhumjaithai Party headquarters, Sirote read out the royal command appointing Anutin to a second term in office, as he received majority support in a vote cast by the House of Representatives on Thursday.

In his address, Anutin pledged to govern with absolute integrity, promising to prioritize the well-being of the Thai people and foster a new, collaborative political atmosphere.

He emphasized the need for all sectors to intensely and seriously scrutinize government work to ensure transparent administration based on the rule of law.

Highlighting the governmental transition, the Prime Minister expressed his desire for the shift to generate a forward-looking environment in society and cultivate a new, people-centric working culture.

The royal endorsement paves the way for cabinet formation and policy address to parliament, a formality required for the new government to officially assume office.

Under the Thai Constitution, the prime minister will submit the complete list of the cabinet members to the King for endorsement, after which the prime minister will lead the members to take an oath of allegiance before the King and present a policy statement to parliament, the final step before ministers can officially take office. **Xinhua**

# Pentagon sends more warships, troops to Middle East

WASHINGTON March 20

The Pentagon is sending three more warships and roughly 2,200 to 2,500 more Marines to the Middle East, marking the second deployment of Marines to the region within a week as the U.S.-Israeli war with Iran escalates, multiple U.S. media outlets reported on Friday.

U.S. officials confirmed Friday that the USS Boxer and two other amphibious assault ships, along with Marines of the 11th Marine Expeditionary Unit, have deployed from their home port of San Diego, California, and are heading to the Middle East, said the reports.

The United States and Israel launched massive attacks on Iran on February 28, disrupting global shipping, sending oil prices soaring and negatively affecting the global economy.

**Xinhua**

# Sixty-two illegal foreign trespassers detained in former garment factory on Kyuntaw St, Ward- 5, Myawady Township

NAY PYI TAW March 20

As the government of Myanmar has been launching combats against illegal online gambling and scams not to take based in the country completely in active cooperation with domestic forces as well as with neighbouring governments, combined departmental teams in respective regions and states are closely supervising tasks to combat illegal online gambling and scams and to prevent foreigners from staying in Myanmar illegally.

In doing so, after a tip-off that illegal migrants crossed into Myanmar illegally and were hiding near Kyuntaw Street in Ward-5, Myawady, Kayin State, combined teams including security forces, administrative bodies and departmental officials launched a search operation at a former garment factory in that area at about 1.30 pm this afternoon on 20 March, detaining 62 Chinese nationals including 61 males and one female, who were hiding in the factory.

The Chinese national, who entered Myanmar illegally, are detained by relevant authorities and action is being taken under Section 3 (1)/13(1) of the 1947 Myanmar Immigration (Emergency Provisions) Act.

**100**



The photo shows the arrested illegal Chinese citizens.

# 66,000 bags of Pakhan paddy shipped to Yangon market

LABUTTA March 20

"Businesspersons from Labutta Township of Ayeyawady Region sold 66,000 bags of Pakhan variety paddy to Yangon market," said Daw San San Win, the rice and paddy trader in Labutta Township.

Businesspersons from Labutta Township in the Ayeyawady Region sold up to 66,000 baskets of Pakhan variety paddy to the Yangon market .

"From Labutta Township, we managed to transport and sell up to 66,000 baskets of Pakhan paddy last month. The paddy sent from Labutta to Yangon is of very good quality. The Pakhan variety belongs to the coarse category of rice. High demand from buyers in the Yangon market has driven up shipments. Currently, paddy prices are also rising, and the Pakhan variety continues to be in demand across the local rice market," said Daw San San Win.

In Labutta Township, the Pakhan variety paddy sold to Yangon last month reached prices of up to Ks-1.55 million per 100 baskets. Due to the strong sales of this paddy, farmers, traders, loading workers, and transport vehicle rental operators have been able to secure employment and business opportunities. **SMK**

# Kalay District cultivates more than 2,000 acres of kidney bean

KALAY March 20

Local farmers have planted more than 2,000 acres of kidney bean as cold season crop in Kalay District of Sagaing Region, according to the Kalay District Agriculture Department.

During the 2025-2026 winter cropping season, Kalay District has planned to cultivate 4,078 acres of kidney bean. Cultivation began in October 2025, and as of now, a total of 2,853 acres have already been planted, including 2,255 acres in Kalay Township, 149 acres in Kalewa Township, and 449 acres in Mingin Township, according to reports.

"In the winter cropping season in Kalay District, more than 4,000 acres of kidney bean have been targeted for cultivation. To date, over 2,000 acres have already been planted. We are continuing efforts to ensure that the planned acreage target is fully met. To improve the yield and quality of pulse crops, we are working together with farmers to provide high-quality seed varieties, necessary agricultural inputs, and post-harvest technology training," said U Aung, District Head of the Kalay District Department of Agriculture.

For the 2025-2026 winter cropping season, the township-wise cultivation targets for kidney bean in Kalay District are 3,384 acres in Kalay Township, 165 acres in Kalewa Township, and 529 acres in Mingin Township, totalling 4,078 acres, it is reported.

In Kalay District, the Township Departments of Agriculture are carrying out awareness-raising activities to enable kidney bean farmers to expand cultivated acreage, achieve higher yields, adopt Good Agricultural Practices (GAP), use quality and pure seed varieties, and cultivate high-yielding varieties, according to reports.

Crops cultivated under GAP methods are reported to have better quality than those grown using other methods, fetch higher market prices, and meet standards for both domestic and export markets. As a result, farmers adopting GAP cultivation practices are expected to gain greater economic benefits.

**SK**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# AI အသုံးပြုပုံဖော်လာမယ့် တရုတ်နိုင်ငံရဲ့ခေတ်မီတပ်မတော်တည်ဆောက်ရေး

နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ "Two Sessions" အစည်းအဝေးတွေဟာ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခုရဲ့ အနာဂတ်လမ်းကြောင်းကိုလှမ်းကြည့်နိုင်တဲ့ အရေးအကြီးဆုံးပြတင်းပေါက်တစ်ခုပါပဲ။ ၂၀၂၆ ခုနှစ်ရဲ့ အစည်းအဝေးတွေကနေ ထွက်ပေါ်လာတဲ့ သတင်းစကားက အရင်နှစ်တွေကထက် ပိုမိုရှင်းလင်းပြတ်သားလာသလို ပိုပြီးတော့လည်း လေးနက်မှုရှိလာပါတယ်။ ကမ္ဘာကြီးမှာ ပထဝီနိုင်ငံရေးအရ တင်းမာမှုတွေ၊ မတည်ငြိမ်မှုတွေ မြင့်တက်နေချိန် တရုတ်အစိုးရက နိုင်ငံတော်လုံခြုံရေးနဲ့စစ်ဘက်ဆိုင်ရာ ခေတ်မီဆန်းသစ်မှုလုပ်ငန်းစဉ်တွေကို ရေရှည်မဟာဗျူဟာရဲ့ဗဟိုချက်မှာ အခိုင်အမာနေရာချထားလိုက်ပြီဆိုတာကို ပြသလိုက်တာပဲဖြစ်ပါတယ်။ ဒါဟာ သမားရိုးကျစစ်အင်အားပြိုင်ဆိုင်တာမျိုးမဟုတ်ဘဲ နည်းပညာအသစ်တွေနဲ့ ကမ္ဘာ့အခင်းအကျင်းကိုပြောင်းလဲဖို့ ကြိုးစားလာတာပါ။ အထူးသဖြင့် အနောက်အုပ်စုရဲ့လွှမ်းမိုးမှုကို စိန်ခေါ်နိုင်မယ့် နည်းပညာအခြေပြု အင်အားတစ်ရပ် တည်ဆောက်ဖို့ ပြတ်ပြတ်သားသားဆုံးဖြတ်လိုက်တဲ့ သဘောလည်းဖြစ်ပါတယ်။

ဒီနှစ်အစည်းအဝေးတွေက တရုတ်နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုနှုန်းနှေးကွေးရှုပ်ထွေးတဲ့ နောက်ခံအခြေအနေတွေကြားမှာ ကျင်းပခဲ့တာပါ။ ဒါပေမဲ့ စီးပွားရေးအရ သတိထားနေရတဲ့ အခြေအနေဟာ တရုတ်နိုင်ငံခေါင်းဆောင်ပိုင်းအတွက် မဟာဗျူဟာမြောက်တွန်းဆုတ်သွားစေဖို့ အကြောင်းရင်းမဖြစ်ခဲ့ပါဘူး။ အဲဒီအစား ခေါင်းဆောင်ပိုင်းက ဖွံ့ဖြိုးတိုးတက်မှုနဲ့ လုံခြုံရေးဆိုတာ တစ်ခုနဲ့တစ်ခုအပြန်အလှန်အားဖြည့်ပေးရမယ့်အရာတွေဖြစ်တယ်လို့ ပိုပြီးတော့တောင် အလေးထားလာပါတယ်။ ဒါကြောင့်လည်း တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကို ခေတ်မီလာအောင်တည်ဆောက်တဲ့လုပ်ငန်းဟာ ၂၀၂၆ ခုနှစ်ကနေ ၂၀၃၀ ပြည့်နှစ်အထိသတ်မှတ်ထားတဲ့ ငါးနှစ်စီမံကိန်းရဲ့ အဓိကအနှစ်သာရဖြစ်လာတာပါ။ စီးပွားရေးက လုံခြုံရေးကို ထောက်ပံ့ရမယ်၊ လုံခြုံရေးက စီးပွားရေးကို အကာအကွယ်ပေးရမယ်ဆိုတဲ့ မူဝါဒကို အသေအချာကိုင်စွဲလိုက်တာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အရင်းအမြစ်အားလုံးကို စစ်ဘက်ဆိုင်ရာ ခေတ်မီဖို့အတွက် အားသွန်ခွန်စိုက်အသုံးချမယ့် အခြေအနေလည်းဖြစ်ပါတယ်။

အခုအချိန်မှာ တရုတ်နိုင်ငံရဲ့ မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်ပုံတွေကအခြေခံကနေစပြီးပြောင်းလဲသွားခဲ့ပါပြီ။ အဓိကကတော့ စီးပွားရေးမူဝါဒတွေကို အမျိုးသားလုံခြုံရေး ဦးစားပေးလုပ်ငန်းတွေနဲ့ တစ်သားတည်းဖြစ်အောင်ညှိနှိုင်းလိုက်တာပါပဲ။ ဒီလိုချဉ်းကပ်မှုအတွက် အခရာကျတာကတော့ ကာကွယ်ရေး၊ အဆင့်မြင့်ကုန်ထုတ်လုပ်မှုနဲ့ ဉာဏ်ရည်တု (AI) နည်းပညာတွေမှာ တခြားနိုင်ငံတွေကို အားကိုးစရာမလိုဘဲ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ဖို့ ကြိုးပမ်းတာပဲဖြစ်ပါတယ်။ ဒါဟာ တရုတ်နိုင်ငံအနေနဲ့ အနာဂတ်မှာ ကမ္ဘာ့အဆင့်မီ စစ်အင်အားကြီးနိုင်ငံတစ်ခုဖြစ်လာဖို့ AI နည်းပညာအပေါ် အကြီးအကျယ် အလောင်းအစားလုပ်ပြီး ပုံအောရင်းနှီးမြှုပ်နှံလိုက်တာပဲဖြစ်ပါတယ်။ နည်းပညာပိုင်းမှာ ထိပ်ဆုံးရောက်မှသာ ကမ္ဘာ့ဇာတ်ခုံမှာ အသံကျယ်ကျယ်ထွက်နိုင်မယ်ဆိုတာကို သူတို့ကောင်းကောင်းကြီးနားလည်ထားပုံရပါတယ်။ ဒီလို နည်းပညာဆိုင်ရာ ကိုယ်ပိုင်ရပ်တည်နိုင်မှုဟာ ပြည်ပရဲ့ပိတ်ဆို့အရေးယူမှုတွေ ဒါမှမဟုတ် ဖိအားပေးမှုတွေကို ကြံ့ကြံ့ခံနိုင်ဖို့အတွက် အဓိကအသက်သွေးကြောဖြစ်လာပါလိမ့်မယ်။

တရုတ်စစ်ဘက်ပညာရှင်တွေ အသုံးပြုလျက်ရှိတဲ့ "Intelligentization" (ဉာဏ်ရည်ထက်မြက်အောင်ပြုလုပ်ခြင်း) ဆိုတဲ့ စကားလုံးက တရုတ်တပ်မတော်ရဲ့ တတိယအဆင့် အသွင်ကူးပြောင်းမှုပါ။ အရင်ကစက်မှုအင်အား (Mechanization) နဲ့ သတင်းအချက်အလက် (Informatization) အဆင့်တွေကို ကျော်ဖြတ်ပြီးပြီလို့ သူတို့ကယူဆပါတယ်။ အခုအဆင့်မှာတော့ AI၊ အလိုအလျောက်စနစ်တွေနဲ့ အဆင့်မြင့် ဒေတာကွန်ရက်တွေကို စစ်ဆင်ရေးတွေထဲမှာ အသားကျအောင် ထည့်သုံးမှာပါ။ ဒါဟာ စစ်မြေပြင်မှာဆုံးဖြတ်ချက်တွေချမှတ်ရာမှာ လူထက်မြန်တဲ့ AI က ကူညီပေးမှာဖြစ်သလို တပ်မှူးတွေအနေနဲ့လည်း ရှေ့တန်းမှာဖြစ်ပေါ်နေတဲ့အခြေအနေတွေကို မျက်မြင်ကိုယ်တွေ့သိနေအောင် လုပ်ပေးမှာပါ။ သူတို့လိုချင်တာက "Decision making Dominance" လို့ခေါ်တဲ့ဆုံးဖြတ်ချက်ချမှတ်မှုမှာ အမြဲတမ်းအသာစီးရနေဖို့ပါပဲ။ ပြိုင်ဘက်တွေထက် သတင်းအချက်အလက်ကို ပိုပြီးမြန်မြန်ဆန်ဆန်စီမံခန့်ခွဲနိုင်ရင် ဘယ်လိုစစ်ပွဲမှာမဆို အနိုင်ရမယ်လို့ သူတို့က ယုံကြည်နေကြပါတယ်။

အနာဂတ်စစ်ပွဲတွေဟာ ခန္ဓာကိုယ်ကိုပေးဆပ်အရင်းအနှီးပြုရတဲ့စစ်မြေပြင်မှာပဲ ဖြစ်မှာမဟုတ်တော့ဘူးလို့ တရုတ်နိုင်ငံက ဟောကိန်းထုတ်ထားပါတယ်။ အခုဆိုရင် "Meta-wars" လို့ခေါ်တဲ့ နယ်ပယ်ပေါင်းစုံစစ်ပွဲတွေဖြစ်လာနေပါပြီ။ ဆိုက်ဘာတိုက်ခိုက်မှုတွေ၊ သတင်းအချက်အလက်အမှားတွေနဲ့ လူတွေရဲ့ စိတ်ဓာတ်ကိုထိန်းချုပ်တဲ့စစ်ဆင်ရေးတွေဟာ သမားရိုးကျစစ်လက်နက်တွေနဲ့ ပေါင်းစပ်သွားမှာပါ။ ဒါကို ပြင်ဆင်ဖို့အတွက် တရုတ်တပ်မတော်က AI နည်းပညာအပြင် ကွမ်တမ်ကွန်ပျူတာ၊ အသံနှုန်းလွန်လက်နက်နဲ့ နောက်ဆုံးပေါ် စောင့်ကြည့်ရေးစနစ်တွေကို အာရုံစူးစိုက်ရမယ်လို့ အစိုးရကညွှန်ကြားထားပါတယ်။ ဒီနည်းပညာတွေဟာ နည်းပညာပြိုင်ဆိုင်မှုပြင်းထန်နေတဲ့ယနေ့ကမ္ဘာမှာ တရုတ်နိုင်ငံကို မဟာဗျူဟာမြောက်အမြင့်ဆုံးနေရာကို ရောက်အောင်ပို့ပေးလိမ့်မယ်လို့ မျှော်လင့်နေကြတာပါ။

ဒီလိုကြီးမားတဲ့ ခေတ်မီဆန်းသစ်မှုတွေလုပ်နိုင်ဖို့ တရုတ်နိုင်ငံက "စစ်ဘက်-အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှု" ဆိုတဲ့ နည်းလမ်းကိုသုံးပါတယ်။ ဒီမှာ အရပ်ဘက်ကထွက်ပေါ်လာတဲ့ နည်းပညာသစ်တွေ၊ တက္ကသိုလ်တွေက သုတေသနတွေနဲ့ ပုဂ္ဂလိကကုမ္ပဏီတွေရဲ့ တီထွင်မှုတွေကို စစ်ဘက်ဆိုင်ရာမှာ အဟန့်အတားမရှိပေါင်းစပ်လိုက်တာပါ။ ဒီလိုလုပ်ခြင်းအားဖြင့် နည်းပညာပိုင်းမှာ အောင်မြင်မှုတွေ အမြန်ဆုံးရလာနိုင်သလို နိုင်ငံရဲ့စက်မှုအခြေခံကိုလည်း ပိုပြီးခိုင်မာစေပါတယ်။ နည်းပညာပိုင်းမှာတင်မကဘဲ တပ်မတော်အတွင်း စည်းကမ်းကိုလည်း အကြီးအကျယ် တင်းကျပ်ထားပါတယ်။ သမ္မတရှီကျင့်ဖျင်က "အကျင့်ပျက်ခြစားမှုနဲ့ နိုင်ငံရေးသစ္စာမရှိမှုတွေအတွက် တပ်မတော်မှာ နေရာမရှိရဘူး" လို့ ပြတ်ပြတ်သားသား ပြောထားပါတယ်။ ဒါကြောင့်လည်း ၂၀၂၂ ခုနှစ်ကစပြီး စစ်ဘက်အရာရှိကြီး အယောက် ၁၀၀ ကျော်လောက်ကို စုံစမ်းစစ်ဆေးတာ ဒါမှမဟုတ် ရာထူးမှထုတ်ပယ်တာတွေ လုပ်ခဲ့ပါတယ်။

၂၀၂၆ ခုနှစ်အတွက် တရုတ်နိုင်ငံရဲ့ ကာကွယ်ရေးအသုံးစရိတ်ဟာ ယွမ် ၁ ဒသမ ၉ ထရီလီယံ (ဒေါ်လာ ၂၇၈ ဘီလီယံခန့်)ရှိပြီး ၇ ရာခိုင်နှုန်းလောက်တိုးလာပါတယ်။ ဒါဟာ အမေရိကန်ရဲ့ အသုံးစရိတ်ဖြစ်တဲ့ ဒေါ်လာ ၁ ဒသမ ၀၁ ထရီလီယံနဲ့ယှဉ်ရင် အများကြီးနည်းနေပါသေးတယ်။ ဒါပေမဲ့ တရုတ်ရဲ့ အသုံးစရိတ်က အလယ်အလတ်အဆင့်မှာပဲရှိနေပြီး စီးပွားရေးအရ ရေရှည်တည်တံ့နိုင်ပါတယ်။ တရုတ်နိုင်ငံဟာ အမေရိကန်လို ကမ္ဘာအနှံ့စစ်အခြေစိုက်စခန်းတွေ လိုက်ဆောက်ဖို့ထက် ကိုယ့်နိုင်ငံရဲ့အချုပ်အခြာအာဏာကို ကာကွယ်နိုင်မယ့်၊ ဟန့်တားမှုရှိတဲ့ ခေတ်မီတပ်မတော်တစ်ရပ်ဖြစ်လာရေးကိုပဲ အာရုံစိုက်နေတာပါ။ ရန်ပုံငွေအသစ်တွေကို အရေအတွက်ထက် အရည်အသွေးပိုင်းကို ဦးစားပေးပြီး AI နဲ့ စမတ်နည်းပညာတွေ ဖွံ့ဖြိုးဖို့အတွက်ပဲ အဓိကသုံးစွဲနေတာဖြစ်ပါတယ်။

၂၀၂၆ ခုနှစ် Two Sessions ကနေ မြင်လိုက်ရတဲ့ အချက်အလက်တွေအားလုံးကို ခြုံငုံသုံးသပ်ကြည့်ရင် တရုတ်နိုင်ငံရဲ့ ခေတ်မီတပ်မတော်ဟာ အနာဂတ်အတွက် အပြည့်အဝအာရုံစိုက်နေတယ်ဆိုတာတွေ့ရပါလိမ့်မယ်။ သူတို့ဟာ စစ်အင်အားကိုပဲ အရေအတွက်အားဖြင့် ချဲ့ထွင်နေတာမဟုတ်ပါဘူး။ ယင်းအစား လုံခြုံရေး၊ နည်းပညာနဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာတွေကို တစ်ခုနဲ့တစ်ခုခွဲခြားမရနိုင်အောင် အသစ်တစ်ဖန် ပြန်လည်ပုံဖော်နေတာပါ။ ဒါဟာ တရုတ်နိုင်ငံအတွက်ခေတ်သစ်တစ်ခုကို လျှောက်လှမ်းဖို့အခြေခံအုတ်မြစ်တွေကို ခိုင်ခိုင်မာမာချနေတာပဲဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ချက်တွေက တရုတ်နိုင်ငံကို အာရှဒေသတွင်းမှာတင်မကဘဲ ကမ္ဘာ့အဆင့်မှာပါ မဟာဗျူဟာမြောက်အနေအထားတစ်ခုဆီကို တွန်းပို့ပေးနေပါတယ်။



တရုတ်နိုင်ငံရဲ့ ဒီလိုလုပ်ဆောင်မှုတွေဟာ ကမ္ဘာ့လုံခြုံရေးအခင်းအကျင်းအတွက်လည်း အရေးကြီးတဲ့ သက်ရောက်မှုတွေရှိလာနိုင်ပါတယ်။ တရုတ်အစိုးရရဲ့ အဖြေကတော့ရှင်းပါတယ်။ ချိန်ညှိထားတဲ့အင်အားသုံးမဟာဗျူဟာကိုကျင့်သုံးပြီး အဆင့်မြင့်နည်းပညာတွေမှာ ပိုပြီးရင်းနှီးမြှုပ်နှံဖို့၊ အမျိုးသားလုံခြုံရေးအဖွဲ့အစည်းတွေကို ပိုပြီး အားကောင်းအောင်လုပ်ဖို့နဲ့ ကာကွယ်ရေးအသုံးစရိတ်ကို ထိန်းညှိသုံးစွဲဖို့ဖြစ်ပါတယ်။ ဒါဟာ ပြောင်းလဲနေတဲ့ ကမ္ဘာ့စနစ်အသစ်မှာ တရုတ်နိုင်ငံရဲ့နေရာကို အခိုင်အမာရယူနိုင်ဖို့အတွက် အကြီးမားဆုံးသော ကြိုးပမ်းအားထုတ်မှုတစ်ခုဖြစ်လာပါလိမ့်မယ်။ အနာဂတ်မှာဖြစ်လာနိုင်တဲ့ ဘယ်လိုစိန်ခေါ်မှုမျိုးကိုမဆို ရင်ဆိုင်ဖို့အသင့်ပြင်ထားတဲ့ သဘောပါပဲ။ ဒါဟာ တရုတ်နိုင်ငံရဲ့ရေရှည်တည်တံ့ခိုင်မြဲတဲ့ အမျိုးသားလုံခြုံရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုလည်းဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရရင် ပိုပြီးတော့ မသေချာမရေရာဖြစ်လာနေတဲ့ ဒီကနေ့ကမ္ဘာကြီးမှာ တရုတ်အစိုးရအနေနဲ့ ကမ္ဘာကိုပေးလိုက်တဲ့ သတင်းစကားက အင်မတန်မှရှင်းလင်းပြတ်သားပါတယ်။ လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာဟာ သီးခြားစီသွားလို့ရတဲ့ ပန်းတိုင်တွေမဟုတ်တော့ပါဘူး။ သူတို့ဟာ မဟာဗျူဟာမြောက်ဒင်္ဂါးပြားတစ်ခုရဲ့ တစ်ဖက်တစ်ချက်စီသာဖြစ်ပြီး တစ်ခုမရှိရင် နောက်တစ်ခုဆိုတာကလည်း အဓိပ္ပာယ်မဲ့သွားမှာပါ။ ဒါကြောင့် တရုတ်နိုင်ငံဟာ သူတို့ရဲ့ AI စွမ်းအင်အသုံးပြုမယ့် တပ်မတော်ကြီးကို အောင်မြင်အောင်တည်ဆောက်ပြီး နိုင်ငံရဲ့လုံခြုံရေး "မဟာတံတိုင်းကြီး" ကို အခိုင်မာဆုံးတည်ဆောက်သွားဖို့ပဲ ဆက်လက်ခြေလှမ်းပြင်နေဦးမှာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ခြေလှမ်းတွေက သူတို့ရဲ့အချုပ်အခြာအာဏာကို ကာကွယ်ရုံတင်မကဘဲ ကမ္ဘာ့အခင်းအကျင်းအသစ်မှာ ဦးဆောင်နိုင်တဲ့ နေရာတစ်ခုကိုပါ ရည်မှန်းထားတာပါ။ ဒါကြောင့် တရုတ်နိုင်ငံရဲ့ စစ်ဘက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကနေ ဘယ်လို အောင်မြင်မှုတွေ ထွက်ပေါ်လာဦးမလဲဆိုတာ ကမ္ဘာတစ်ဝန်းက စောင့်ကြည့်ရမှာဖြစ်ပါတယ်။

Ref: RT

ထက်မြတ်

## အရှေ့အလယ်ပိုင်းအရေး နောက်ဆုံးရသတင်းများ စုစည်းမှု

- အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က အမေရိကန်၏ F-35 တိုက်လေယာဉ်တစ်စင်းကိုလေကြောင်းရန်ကာကွယ်ရေးစနစ်ဖြင့်အောင်မြင်စွာ ပစ်ခတ်လိုက်နိုင်ကြောင်းထုတ်ပြန်ထားသည်။ ထိုတိုက်လေယာဉ်မှာ ပျက်ကျနိုင်ခြေအလွန်မြင့်မားနေပြီး ဖြစ်စဉ်ကိုစုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်းနှင့် အမေရိကန်နှင့်အစ္စရေးတို့၏ ဒရုန်း ၁၂၅ စင်းထက်မနည်းကိုလည်းကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

- အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အီရန်၏ယူရေနီယံသန့်စင်မှုနှင့် ဒုံးကျည်ထုတ်လုပ်နိုင်စွမ်းတို့ကိုမြေမှုန့်ဖြစ်အောင် ချေမှုန်းမည်ဟုသတိပေးထားသည်။ ထို့ပြင် လွန်ခဲ့သည့်ရက်ပေါင်း ၂၀ အတွင်းအစ္စရေးနှင့်အမေရိကန်တို့က အီရန်ကို အပြင်းအထန်တိုက်ခိုက်ခဲ့ကြောင်း ၎င်းကဆိုသည်။ အီရန်နိုင်ငံခြားရေးဝန်ကြီးကမူ အီရန်နိုင်ငံ၏အခြေခံအဆောက်အဦများ ထပ်မံတိုက်ခိုက်ခံရပါက လုံးဝသည်းခံတော့မည်မဟုတ်ဘဲ ပြန်လည်တုံ့ပြန်သွားမည်ဟုပြောသည်။

- ကြားနေနိုင်ငံအဖြစ်နေထိုင်လိုသည့်ဆွစ်ဇာလန်က အီရန်စစ်ပွဲကြောင့် အမေရိကန်သို့ လက်နက်တင်ပို့မှုရပ်ဆိုင်းကြောင်းမတ်လ ၂၀ ရက်တွင်ထုတ်ပြန်ထားသည်။ အီရန်နှင့်ဖြစ်ပွားနေသော နိုင်ငံတကာ လက်နက်ကိုင်ပဋိပက္ခအတွင်း ပါဝင်ပတ်သက်နေသည့်နိုင်ငံများသို့ စစ်လက်နက်ပစ္စည်းများ တင်ပို့ခွင့်ပြုမည်မဟုတ်ဟု ဆွစ်ဇာလန်အစိုးရက ဆိုသည်။ လက်ရှိတွင် အမေရိကန်သို့ လက်နက်ခဲယမ်းတင်ပို့ရောင်းချခွင့်လိုင်စင်များထုတ်ပေးခြင်းကို ရပ်ဆိုင်းထားမည်ဖြစ်သည်။

- ဟော်မုဇ်ရေလက်ကြား၌ သင်္ဘောများဖြတ်သန်းသွားလာနိုင်ရေး အီရန်တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် အီရန်၏အချုပ်အခြာအာဏာနှင့်လုံခြုံရေးကို အပြည့်အဝလေးစားလိုက်နာရန်လိုအပ်ကြောင်း ဗြိတိန်နိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီး အလီမူဆာဗီကပြောထားသည်။ ယင်းအချက်များကိုလိုက်နာပါက ရေလက်ကြားအတွင်း သင်္ဘောများဖြတ်သန်းမှုကိုကူညီဆောင်ရွက်ပေးရန် အီရန်ဘက်က အသင့်ရှိသည်ဟုဆိုသည်။

- ကူဝိတ်နိုင်ငံရှိ အဓိကရေနံချက်စက်ရုံတစ်ခုဖြစ်သော မီနာအယ်အာမာဒီသည် မတ်လ ၂၀ ရက် အစောပိုင်းတွင် ဒရုန်းများဖြင့် ထပ်မံတိုက်ခိုက်ခံရကြောင်း ကူဝိတ်ရေနံကော်ပိုရေးရှင်းက ထုတ်ပြန်သည်။ ထိုစက်ရုံသည် မတ်လ ၁၉ ရက်ကလည်း တိုက်ခိုက်ခံရပြီး ယခုတစ်ကြိမ်တွင် ဒရုန်းအများအပြားထိမှန်မှုကြောင့် စက်ရုံ၌မီးလောင်မှုဖြစ်ပွားသော်လည်း အချိန်မီထိန်းချုပ်နိုင်ခဲ့ကြောင်း ကုမ္ပဏီကထုတ်ပြန်ထားသည်။ **Ref: Xinhua, RT**

## အရှေ့အလယ်ပိုင်းဒေသပဋိပက္ခကြောင့် ၂၀၂၆ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးတိုးတက်မှု နှေးကွေးမည်ဟုဆို




**ဂျီနီဗာ၊ ကုန်သွယ်ရေး**

၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအခြေအနေမှာ မျှော်လင့်ထားသည်ထက်ပိုမိုကောင်းမွန်ခဲ့သော်လည်း ၂၀၂၆ ခုနှစ်တွင် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် ကုန်သွယ်ရေးတိုးတက်မှုနှုန်း ပြန်လည်နှေးကွေးသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ထုတ်ပြန်သည်။

စွမ်းအင်ဈေးနှုန်းရိုက်ခတ်မှုများမပါဝင်သည့် အခြေခံတိုးတက်မှုအခြေအနေမှာပင် ကမ္ဘာ့ကုန်သွယ်ရေး တိုးတက်မှုနှုန်းသည် ၂၀၂၅ ခုနှစ်တွင် ၄ ဒသမ ၆ ရာခိုင်နှုန်းရှိရာမှ ၂၀၂၆ ခုနှစ်တွင် ၁ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းသွားမည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် ဖေဖော်ဝါရီလ ၂၈ ရက်တွင်အမေရိကန်နှင့်အစ္စရေးတို့ပူးပေါင်းပြီး အီရန်အပေါ် အကြီးအကျယ်တိုက်ခိုက်မှုကြောင့် ရေနံဈေးနှုန်းများမြင့်တက်လာကာ ကမ္ဘာ့စီးပွားရေးကို တုန်လှုပ်လာစေသည်။ အကယ်၍ စွမ်းအင်ဈေးနှုန်းများမြင့်တက်နေပါက ကမ္ဘာ့ကုန်သွယ်ရေးတိုးတက်မှုမှာ ၁ ဒသမ ၄ ရာခိုင်နှုန်းအထိ ထပ်မံလျော့ကျသွားနိုင်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အစီရင်ခံစာ၌ဆက်လက်ဖော်ပြထားသည်။

အထူးသဖြင့် စွမ်းအင်ဈေးနှုန်းများမြင့်တက်လာခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေးအတွက် အန္တရာယ်ရှိနိုင်ပြီး စားနပ်ရိက္ခာဖူလုံရေးနှင့် စားသုံးသူများအပေါ် ကြီးစွာသောသက်ရောက်မှုရှိနိုင်ကြောင်း ကုန်သွယ်ရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် အင်ဂိုဇီအိုကွန်ဂျိုအီဝီလာက ပြောသည်။ ၂၀၂၅ ခုနှစ်တွင် ကုန်သွယ်ရေးအားကောင်းခဲ့ခြင်းမှာ AI ဆိုင်ရာ ကုန်စည်များ မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်းသိရသည်။

**Ref: Xinhua**

## ဟော်မုဇ်ရေလက်ကြား ဘေးကင်းရေးအတွက် အပစ်အခတ်ရပ်စဲပြီးမှသာ ကူညီမည်ဟု အီတလီ ဂျာမနီနှင့် ပြင်သစ်ပြော

**လန်ဒန်၊ နိုင်ငံရေး**

ဟော်မုဇ်ရေလက်ကြားအတွင်း သင်္ဘောများဘေးကင်းစွာ ဖြတ်သန်းနိုင်ရေးအတွက် ကူညီရန် အဆင်သင့်ရှိသော်လည်း အပစ်အခတ်ရပ်စဲပြီးမှသာ ဆောင်ရွက်မည်ဖြစ်ကြောင်း အီတလီ၊ ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့ကပြောသည်။ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်နှင့် နယ်သာလန်နိုင်ငံတို့ပါဝင်သော ခြောက်နိုင်ငံသည် ဟော်မုဇ်ရေလက်ကြားဘေးကင်းရေးအတွက် ဝိုင်းဝန်းကူညီရန် ပြင်ဆင်ထားကြောင်း ကြေညာသော်လည်း အီတလီ၊ ဂျာမနီနှင့် ပြင်သစ်တို့ကမူ စစ်ရေးအရ ချက်ချင်းကူညီမည်မဟုတ်ဘဲ အပစ်အခတ်ရပ်စဲပြီးမှသာ လုပ်ဆောင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောထားခြင်းဖြစ်သည်။

အမေရိကန်နှင့် အစ္စရေးတို့က အီရန်ကို စတင်တိုက်ခိုက်ပြီးနောက်အီရန်က ဟော်မုဇ်ရေလက်ကြားကိုပိတ်ထားသဖြင့် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့တင်ပို့မှုများ ရပ်တန့်နေသည့်အပြင် ကုန်သွယ်ရေးသင်္ဘော ၂၃ စင်း တိုက်ခိုက်ခံထားရကြောင်းသိရသည်။ **Ref: BP**

## ပါလက်စတိုင်းအရေး မဆောင်ရွက်ပေးနိုင်ပါက ငြိမ်းချမ်းရေးဘုတ်အဖွဲ့မှနုတ်ထွက်နိုင်ဟု အင်ဒိုနီးရှားပြော




**ဂျကာတာ၊ ငြိမ်းချမ်းရေး**

အမေရိကန်သမ္မတက အဆိုပြုထားသည့် ငြိမ်းချမ်းရေးဘုတ်အဖွဲ့ (Board of Peace) အနေဖြင့် ပါလက်စတိုင်းအရေး မဆောင်ရွက်ပေးနိုင်ပါက ထိုအဖွဲ့မှ နုတ်ထွက်နိုင်ကြောင်း အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုကပြောသည်။

အင်ဒိုနီးရှားသမ္မတက သတင်းထောက်များနှင့်တွေ့ဆုံစဉ် အင်ဒိုနီးရှားအနေဖြင့် ငြိမ်းချမ်းရေးဘုတ်အဖွဲ့တွင် ပါဝင်ခဲ့ခြင်းမှာ ပါလက်စတိုင်းတို့၏ အကျိုးစီးပွားကို အဖွဲ့အတွင်းမှနေ၍ဖော်ဆောင်ပေးနိုင်စေရေး မဟာဗျူဟာမြောက် တွက်ချက်မှုကြောင့်ဖြစ်ကြောင်း ပြောထားသည်။

သို့သော် အင်ဒိုနီးရှားနိုင်ငံက ငြိမ်းချမ်းရေးဘုတ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်မှုမှာ ကန့်သတ်ချက်များရှိပြီး အမြဲတမ်းပြန်လည်သုံးသပ်နေမည်ဖြစ်ကြောင်း၊ အဖွဲ့၏ ရလဒ်များသည် ပါလက်စတိုင်း၏လွတ်လပ်ရေးအတွက်အဟန့်အတားဖြစ်စေပါက ထိုအဖွဲ့မှ နုတ်ထွက်ရန် ဝန်လေးမည်မဟုတ်ကြောင်း ၎င်းကသတိပေးခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် အခြားအဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်မလိုဘဲ လွတ်လပ်စွာနုတ်ထွက်ခွင့်ရှိကြောင်း ပရာဘိုဝိုကအလေးပေးပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ငြိမ်းချမ်းရေးဘုတ်အဖွဲ့ကို ဇန်နဝါရီလတွင် ဒါဗို့မြို့၌ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး နိုင်ငံအများအပြားကမူ ထိုအဖွဲ့တည်ရှိမှုသည် ကုလသမဂ္ဂ၏အခန်းကဏ္ဍကို ထိခိုက်နိုင်သည်ဟုဝေဖန်ထားသည်။ **Ref: Xinhua**

## တောင်ကိုရီးယား၌ စက်ရုံမီးလောင်မှုတစ်ခုအတွင်း ၅၅ ဦးဒဏ်ရာရပြီး ၁၄ ဦးပျောက်ဆုံးနေ

**ဆိုး၊ မတော်တဆမှု**

တောင်ကိုရီးယား၌ စက်ရုံမီးလောင်မှုတစ်ခုအတွင်း လူ ၅၅ ဦးဒဏ်ရာရရှိပြီး ၁၄ ဦးပျောက်ဆုံးနေကြောင်း Yonhap သတင်းဌာနကဖော်ပြထားသည်။ အဆိုပါစက်ရုံသည် မော်တော်ကားအပိုပစ္စည်းထုတ်လုပ်ရေးစက်ရုံဖြစ်ပြီး မတ်လ ၂၀ ရက်တွင် မီးလောင်မှုဖြစ်ပွားခြင်းဖြစ်သည်။

ဆိုးမြို့အရှေ့တောင်ဘက် ကီလိုမီတာ ၁၄၀ ခန့်အကွာ ဒယ်ဂျွန်းမြို့ရှိ ထိုစက်ရုံ၌ မွန်းလွဲ ၁ နာရီ ၁၇ မိနစ်ခန့်တွင် မီးစတင်လောင်ကျွမ်းခြင်းဖြစ်သည်။ ညနေ ၃ နာရီခွဲအထိ စာရင်းများအရ ပြင်းထန်ဒဏ်ရာရရှိသူ ၂၄ ဦးနှင့် ဒဏ်ရာအနည်းငယ်သာရရှိသူ ၃၁ ဦးရှိကြောင်း၊ အချို့မှာ မီးလောင်နေသည့်စက်ရုံပေါ်မှခုန်ချသဖြင့် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

အခင်းဖြစ်ပွားချိန်တွင် စက်ရုံအတွင်း အလုပ်သမား ၁၇၀ ခန့်ရှိနေပြီး ၁၄ ဦးမှာ ယခုထက်တိုင် ပျောက်ဆုံးနေဆဲဖြစ်သည်။ မီးသတ်တပ်ဖွဲ့သည် မီးသတ်ကား အစီး ၉၀ နှင့် မီးသတ်သမား ၂၀၀ ခန့်ဖြင့် မီးငြိမ်းသတ်ရေးဆောင်ရွက်သော်လည်း အဆောက်အအုံပြိုကျနိုင်ခြေနှင့် ဓာတုပစ္စည်းပေါက်ကွဲနိုင်ခြေများကြောင့် စက်ရုံအတွင်းသို့ ဝင်ရောက်နိုင်ခြင်းမရှိပေ။ စက်ရုံအတွင်း၌ ဆိုဒီယမ် ကီလိုဂရမ် ၂၀၀ ခန့်သိုလှောင်ထားသဖြင့် ပေါက်ကွဲမှုဖြစ်နိုင်ခြေမြင့်တက်လျက်ရှိကြောင်းသိရသည်။ **Ref: Xinhua**



# ၁၃၈၇ ခုနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ တိုင်းရင်းသားရိုးရာအကနှင့် ယိမ်းအကပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် မတ် ၂၀

ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ဂုဏ်ပြုသောအားဖြင့် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ တိုင်းရင်းသားရိုးရာအကနှင့် ယိမ်းအကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

ယိမ်းပြိုင်ပွဲများကျင်းပရာတွင် ၁၂ ဦးယိမ်း (မူကြိုကျောင်းများ)၊ ၁၂ ဦးယိမ်း (ကျောင်းများ)၊ ၁၂ ဦးယိမ်း (ရုံး/အခြားဌာနများ)၊ ၁၆ ဦးယိမ်း (ကျောင်းများ)၊ ၁၆ ဦးယိမ်း (ရုံး/အခြားဌာနများ)၊ ၂၀ ဦးယိမ်း (အလွတ်တန်း)၊ ၁၂ ဦးယိမ်း (ကျား) (အလွတ်တန်း)နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများအနေဖြင့် မတ်လ ၃၁ ရက် နောက်ဆုံးထား၍ ဗိုလ်တထောင်မြို့နယ်၊ (၄၆) လမ်း၊ (၁၂) ထပ်ခွဲရုံး၊ ဆယ်လွှာရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)၌ လာရောက်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက အကဲဖြတ်လုပ်ငန်းကော်မတီ၏ ဖုန်း-၀၉- ၅၃၂၁၆၇၅၊ ၀၉ -၅၅၀၁၀၄၉၊ ၀၉-၄၅၂၈၀၃၆၇၂၊ ၀၉-၄၂၀၇၁၃၆၃၂၊ ၀၉-၄၅၀၅၄၀၈၅၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

မြဝတီ

## အသိပေးကြေညာချက်

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်

၁။ မိုဘိုင်းလက်ကိုင်ဖုန်းသုံးစွဲသူ ပြည်သူများအနေဖြင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး နိုင်ငံတော်သို့ ကျသင့်ခွန်များ ပေးဆောင်ထားသည့် မိုဘိုင်းလက်ကိုင်ဖုန်းများကို ပြည်တွင်းတွင် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန် ၂၀၂၆ ခုနှစ်၊ မတ်လပထမပတ်မှစ၍ ဗဟိုမိုဘိုင်း စက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (CEIR) အား စတင်အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိုဘိုင်းလက်ကိုင်ဖုန်းများ၊ မိုဘိုင်းကွန်ရက်သုံးဆက်သွယ်ရေးပစ္စည်းများ ပြည်ပမှတင်သွင်းလိုသည့် ကုမ္ပဏီများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ကျသင့်ခွန်များကို ပေးဆောင်ပြီးပါက CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း CEIR နှင့် EIR စနစ် စီမံကိန်းဦးစီးကော်မတီမှ ထုတ်ပြန်ထားပါသည်။

၂။ သို့ဖြစ်ပါ၍ မိုဘိုင်းလက်ကိုင်ဖုန်းများ၊ မိုဘိုင်းကွန်ရက်သုံးဆက်သွယ်ရေးပစ္စည်းများ ပြည်ပမှတင်သွင်းခြင်းအတွက် တရားဝင်သွင်းကုန် လိုင်စင်လျှောက်ထားရယူ၍ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရန် လိုအပ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**

◆ **ကျောဖုံးမှအဆက်**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အဦများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်နေမှုများကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်း ခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့်တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့မှ အမျိုးသား ၅ ဦး၊ အမျိုးသမီး ၁ ဦး၊ ရွှေကျင်မြို့မှ အမျိုးသား ၁ ဦး၊ ရွှေတောင်မြို့မှ အမျိုးသား ၁ ဦး၊ ရေတာရှည်မြို့မှ အမျိုးသား ၃ ဦး၊ ပန်းတောင်းမြို့မှ အမျိုးသား ၆ ဦး၊ အုတ်ဖိုမြို့မှအမျိုးသား ၂ ဦး၊ မင်းလှမြို့မှအမျိုးသား ၁ ဦး၊ ဖြူးမြို့မှ အမျိုးသား ၁ ဦး၊ ပေါက်ခေါင်းမြို့မှ အမျိုးသား ၁ ဦး၊ စုစုပေါင်း အမျိုးသား (၂၁)ဦးနှင့် အမျိုးသမီး(၁)ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိအေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်ထိုးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား အသိပညာပေးအမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် M4 သေနတ် ၂ လက်၊ MA1 သေနတ် ၃ လက်၊ MA3 ၂လက်၊ MA4 သေနတ် ၁ လက်၊ AK47သေနတ် ၁ လက်၊ T-81 သေနတ် ၁ လက်၊ ပစ္စတို ၂ လက်၊ လေသေနတ် ၁ လက်၊ ကျည်မျိုးစုံ ၅၆၉ တောင့်၊ ကျည်အိမ် ၁၆ ခု၊ လက်ပစ်ဗုံး ၄ လုံး၊ ၄၀မမဗုံးသီး ၇ လုံး၊ ခဲဖူး ၈၈ ခုတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ်သေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၅၀နှုန်းဖြင့် ၁၀ လက်အတွက် ငွေကျပ် သိန်း ၅၀၀၊ ပစ္စတို ၁ လက်အတွက် ဆုကြေးငွေ ကျပ်သိန်း ၃၀ နှုန်းဖြင့် ၂ လက်အတွက် ဆုကြေးငွေကျပ်သိန်း ၆၀၊ လေသေနတ်တစ်လက်အတွက်ဆုကြေးငွေကျပ် ၅ သိန်း၊ လက်ပစ်ဗုံးတစ်လုံးစီအတွက် ဆုကြေးငွေ ကျပ် ၃ သိန်းနှုန်းဖြင့် လက်ပစ်ဗုံး ၄ လုံး အတွက် ငွေကျပ် ၁၂ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ထပ်မံထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများကိုယ်စားဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးအပ်ခဲ့ပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများ ထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများနှင့် ၎င်းတို့၏ မိဘများထံမှ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"BPLA မှာ တာဝန်ထမ်းဆောင်ပါတယ်။ ကျွန်တော့်သူငယ်ချင်းနဲ့နှစ်ယောက် လားရှိုးကို သွားရင်းနဲ့ လားရှိုးမှာ အဖမ်းခံရတာပါ။ အရပ်သားအစိုးရပေါ်လာရင်တော့ လက်နက်ချပြီး လက်နက်ပြန်အပ်ကြမယ်။ တဖြည်းဖြည်းနဲ့ နေပါများလာတော့လည်း သိလာတယ်။ ကျွန်တော်တို့ ဥပဒေဘောင်အတွင်းကို ဝင်ရောက်လာပြီးတဲ့အချိန်မှာ စပြီးတော့ ကျွန်တော့်သူငယ်ချင်းတွေအားလုံး စရောက်ကတည်းက လွတ်လွတ်လပ်လပ်ထားတယ်။ လိုလေသေးမရှိအောင်ထားပေးတယ်။ အဆက်အသွယ်မရှိတဲ့လူတွေအားလုံးကိုလည်း မိဘတွေနဲ့ အဆက်အသွယ်ရအောင်လို့ ဝိုင်းဝန်းကူညီပေးကြတယ်။ စားနပ်ရိက္ခာထောက်ပံ့တာကတော့ AA ကထောက်ပံ့ပါတယ်။ ကျွန်တော်ဆိုရင် ရှေ့တန်းစစ်မြေပြင်ရောက်လာတဲ့အချိန်မှာ ကြုံသလို စားရတယ်။ တချို့ရက်တွေမှာကျတော့လည်း အန္တရာယ်အရမ်းများတဲ့ ရက်တွေမှာလည်း အချိန်ကုန်သွားတော့ မစားရတဲ့ရက်တွေလည်းရှိပါတယ်။ ကျွန်တော်တို့ကျန်တဲ့ သူငယ်ချင်းတွေအားလုံးကိုလည်း အချိတ်အဆက်လုပ်ဖို့လည်းရှိပါတယ်။ သူတို့လည်း ပထမတုန်းက ကျွန်တော်နဲ့အတူတူ ထွက်လာဖို့ပဲ။ ဒါပေမဲ့ အခက်အခဲတွေက အများကြီးရှိတယ်။ CAMPAING လုပ်တာတွေဘာတွေကျတော့ ဝင်ပြီးကူညီပေးရတယ်။ အထက်ပိုင်းကလူတွေပဲ စီစဉ်ကြတယ်။ ကျွန်တော်တို့ဆီမှာ အောက်ခြေရဲဘော်တွေက အဲ့ဒီအကြောင်းတွေကို ဘာမှမသိရဘူး" ဟု ပြောသည်။





"FIRE DRAGON တပ်ဖွဲ့မှာ ပါဝင်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် ၉ လပိုင်းလောက်က ရောက်တာပါ။ ကျောင်းမတက်နဲ့ ဘာမှမဖြစ်ဘူး။ သူတို့မြူဆွယ်တာပေါ့။ သင်တန်းတက်ခဲ့ရတဲ့ကာလ အခြေအနေကတော့ ၉ လပိုင်းလောက်က တက်ခဲ့ရတာပေါ့။ ခက်ခဲကြမ်းတမ်းခဲ့တာပေါ့။ ကျဆုံးမှုကတော့ ပွဲတိုင်းလိုလိုရှိပါတယ်။ ကျဆုံးသွားတဲ့ ရဲဘော်တစ်ယောက်ကို အချိန်မပေးဘူး။ ဖြစ်သလိုပဲ သင်္ဂြိုဟ်လိုက်တယ်။ ခါးသီးတဲ့ အမှတ်တရတွေကတော့ အများကြီးပါ။ အထက်အောက်ငယ်သား တအားဖိတယ်ပေါ့။ ဖိနှိပ်မှုတအားများတယ်။ သူတို့စိတ်နဲ့ ကိုယ့်ကိုယ်ဖြစ်နေတဲ့ ပုံစံဖြစ်နေတာပေါ့။ ကိုယ့်စိတ်ကို မပိုင်ဘူး။ ကိုယ့်ကိုယ်ကိုယ်မပိုင်ဘူး။ အဲ့ဒီလိုဖြစ်နေတဲ့ ပုံစံပေါ့။ မနေချင်တော့ဘူး။ ပထမ တစ်ခေါက်ကြိုးပမ်းခဲ့သေးတယ်။ မအောင်မြင်ဘူး။ ထပ်စဉ်းစားပြီးတော့ တပ်မတော်နဲ့ ချိတ်ဆက်မှုရပြီးတော့ ဝင်ခဲ့တာပါ။ ညီလေးနဲ့အတူ နှစ်ဦးပါတယ်။ အမျိုးသမီး ကိုယ်ဝန်ဆောင်တစ်ယောက်နဲ့ ၃ ဦးပေါ့။ ကျွန်တော်ဆိုရင် တစ်လလောက် အိပ်ရာထဲမှာပဲ လှဲနေတာ။ လမ်းကောင်းကောင်း မလျှောက်နိုင်ဘူး။ ပထမတစ်ခေါက်မိသွားတော့ ကျွန်တော့်ကို ထုထောင်းရိုက်နှက်တာတွေလုပ်တယ်။ တစ်လလောက်ဆေးခန်းမှာ ဆေးကုလိုက်ရတယ်။ တစ်လလောက် လမ်းမလျှောက်နိုင်ဘူး။ ကျွန်တော် လမ်းလျှောက်နိုင်တဲ့ အချိန်ရောက်တော့ ကျွန်တော့်မိသားစုနဲ့ ဆက်သွယ်တယ်။ ကျွန်တော့်အမျိုးသမီးနဲ့ ဆက်သွယ်ပြီးတော့ ဖုန်းလေးတစ်လုံးလောက် ကျွန်တော်ခိုးပြီးတော့ ယူထားတယ်။ အဲ့ဒီကနေမှ တပ်မတော်နဲ့ ချိတ်ဆက်လို့ရအောင် ကျွန်တော့်အမျိုးသမီးကို ပို့ခိုင်းတယ်။ ကျွန်တော့်အမျိုးသမီးကနေမှ တစ်ဆင့် တပ်မတော်နဲ့ ချိတ်ဆက်ပေးတယ်။ ချိတ်ဆက်ပြီးတော့ အဲ့ဒီကမှတစ်ဆင့် ကျွန်တော်တို့ ရဲဘော် ၃ ယောက်တိုင်ပင်ပြီးတော့ လာခဲ့တာပါ။ အဖွဲ့ဝင် နာမည်တွေသုံးတယ်။ ပြီးတော့ အဖွဲ့အစည်းအပေါ် အသုံးချပြီးတော့ ကိုယ်ကျိုးအတွက် အသုံးချတယ်။ သူတို့ကြောင့်ဆိုပြီးတော့ တော်တော်များများ အိမ်တွေပျက်စီးတာတွေရှိတော့ ပြည်သူတွေကနေ ငြိုငြင်လာတာတွေ အများဆုံးတွေ့နေရတာပေါ့။ အတတ်နိုင်ဆုံး ကျန်နေခဲ့တဲ့ ကျွန်တော့်ရဲ့ ညီလေးတွေ၊ အကိုတွေပေါ့။ ကျွန်တော် ပြန်ပြီးတော့ ရအောင်ပြန်ဆွဲထုတ်ပေးမယ်။ ကျွန်တော်လည်း ပထမတုန်းက တွေဝေနေတာပဲ။ ပြတ်ပြတ်သားသား ဆုံးဖြတ်သင့်တယ်။ အလင်းဝင်လာတယ်ဆိုတာတော့ အခုလိုမျိုး နွေးနွေးထွေးထွေးကြိုဆိုတဲ့ အတွက်လည်း တော်တော်လည်း ကျေးဇူးတင်ပါတယ်။ ပထမကတော့ ဒီလိုမျိုး မထင်ခဲ့ဘူး။ သူတို့ရဲ့ ဝါဒမှိုင်းတွေကြောင့် အလင်းဝင်တဲ့သူတွေ ဒီလိုထွက်ပြေးလာတဲ့ သူတွေကို သူတို့က တပ်မတော်ဘက်က မိရင် သတ်ဖြတ်တာတွေ၊ ရိုက်နှက်တာတွေ၊ ထုထောင်းတာတွေ၊ မေးမြန်းပြီးတော့ သတ်ဖြတ်တယ်ဆိုပြီး သူတို့က အဲ့လိုမှိုင်းတွေ တိုက်ထားတော့ ကျွန်တော်တို့ အခုပြေးမယ့်လူငယ်တွေ၊ အလင်းဝင်မယ့်လူငယ်တွေ၊ ထွက်ချင်တဲ့ လူငယ်တွေကျတော့ အဲ့ဒါတွေကို ကြောက်ပြီးတော့ သူတို့မလာရဲကြဘူး။ အဓိကကတော့ မကြောက်ပါနဲ့လို့ ပြောတာ။ ဒီဘက်မှာ လက်နက်ပါပါ မပါပါ နွေးနွေးထွေးထွေး ဆက်ဆံပါတယ်။ အကောင်းဆုံးကတော့ ဘယ်လိုပဲဖြစ်ဖြစ် တပ်မတော်ကို ကိုယ့်ရဲ့ကိုင်ဆောင်ထားတဲ့ လက်နက်တွေကို ပြန်အပ်နှံတာ အကောင်းဆုံးပါပဲ" ဟု ပြောသည်။ (၁၀၀)

# အာဖဂန်နစ္စတန်-မြန်မာ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကို သုဝဏ္ဏကွင်းတွင် ကျင်းပမည်ဟု အာရှဘောလုံးအဖွဲ့ချုပ်ထုတ်ပြန်

ရန်ကုန် မတ် ၂၀

၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲအုပ်စု(E) ခွေ့ဆိုင်းပွဲစဉ်တစ်ပွဲဖြစ်သည့် အာဖဂန်နစ္စတန်အသင်းနှင့် မြန်မာအသင်းတို့၏ပွဲစဉ်ကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း အာရှဘောလုံးအဖွဲ့ချုပ် (AFC)က အတည်ပြုထုတ်ပြန်လိုက်ကြောင်း သိရသည်။

ယခုပွဲသည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလကတည်းက ကစားရမည်ဖြစ်သော်လည်း အာဖဂန်နစ္စတန်အသင်း၏ အိမ်ကွင်းအခြေအနေကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ပြီး မတ်လ ၂၆ ရက်တွင် ကာတာနိုင်ငံ၌ ပြန်လည်ကစားရန်စီစဉ်ခဲ့ကြောင်း၊ သို့သော် နယ်မြေအခြေအနေအရ ကွင်းပြောင်းလဲရခြင်းဖြစ်ပြီး မြန်မာအသင်း၏ အိမ်ကွင်း၌သာ ကစားရန် နှစ်ဖက်ဘောလုံးအဖွဲ့ချုပ်က သဘောတူညီခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အာဖဂန်နစ္စတန်အသင်းနှင့် နှစ်ကျော့စလုံးကို အိမ်ကွင်း၌ ကစားရမည်ဖြစ်ပြီး မတ်လ ၃၁ ရက်တွင် ကစားမည့် ပါကစ္စတန်နှင့်ပွဲကို ပါကစ္စတန်နိုင်ငံ၌ပင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

ကိုညီလေး

# မိန်းကလေးနှစ်ဦးကို တရုတ်နိုင်ငံသို့ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန်စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် မတ် ၂၀

မိန်းကလေးနှစ်ဦးကို တရုတ်နိုင်ငံသို့ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်လိုက်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ မိန်းကလေးနှစ်ဦးသည် မြောက်ဥက္ကလာပမြို့နယ်ရှိ အထည်ချုပ်စက်ရုံတစ်ခုတွင် အလုပ်လုပ်ကိုင်ရာ တစ်နေ့လျှင် ငွေကျပ် ၅၀၀၀ သာ ရရှိသဖြင့် အလုပ်မှထွက်ပြီး အခြားအလုပ်အကိုင်ရှာဖွေနေစဉ် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်နေ နှင်းဝေဖြိုး(ခ)မနှင်းနှင့်တွေ့ဆုံခဲ့ရာ နှင်းဝေဖြိုးက တရုတ်နိုင်ငံသားနှင့် လက်ထပ်မည်ဆိုပါက တစ်ဦးလျှင် ငွေကျပ် သိန်း ၈၀ စီရမည်၊ တစ်နှစ်စာချုပ်ချုပ်ဆို၍ အတူပေါင်းသင်းနေထိုင်ရမည်၊ တရုတ်နိုင်ငံသို့ နိုင်ငံကူးလက်မှတ်ပြုလုပ်၍ လေယာဉ်ဖြင့်ပို့ဆောင်ပေးမည်ဟုစည်းရုံးပြောဆိုခဲ့၍ လက်ကိုင်ဖုန်းဖြင့် ဓာတ်ပုံရိုက်ကူးကာ တရုတ်အမျိုးသားတစ်ဦးထံ ပို့ပေးခဲ့ကြောင်း။

ထို့နောက် နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးရာ အဆင်မပြေသဖြင့်ရန်ကုန်-မန္တလေး-မြစ်ကြီးနားမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆက်လက်ပို့ဆောင်မည်ဖြစ်ကြောင်း ပြောဆို၍ အောင်မင်္ဂလာကားဝင်းသို့ ခေါ်ဆောင်လာစဉ် ဖမ်းဆီးရမိသဖြင့် အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ သဃ်္ဃန်းကျွန်းမြို့မရဲစခန်း (ပ)၆၅/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး မတ်လ ၁၈ ရက်တွင် သဃ်္ဃန်းကျွန်းခရိုင်တရားရုံးမှ တရားခံနှင်းဝေဖြိုး(ခ)မနှင်းကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၃/၂၀၂၆)သင်တန်းဆင်းပွဲကျင်းပ



နေပြည်တော် မတ် ၂၀

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်မီးသတ်စခန်း၌ ယနေ့နံနက်ပိုင်းတွင် မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှုသင်တန်း (Fire Safety Specialist Course) အမှတ်စဉ် (၃/၂၀၂၆) သင်တန်းဆင်းပွဲကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြတ်သူက သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မီးသတ်ဦးစီးဌာနရှိ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးအဆင့်ရှိသူများကို သက်ဆိုင်ရာ ခရိုင်/ မြို့နယ်များအလိုက်ခေါ်ယူထားသည့် သင်တန်းသား ၃၀ ဦးဖြင့် သင်ကြားလေ့ကျင့်ပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီလ ၂၃ ရက်မှ မတ်လ ၂၀ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နေကိုထိုက်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၃-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် |
|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၁၀ | ၃၇၂၅ | ၃၆၉၀ | ၃၆၂၅ | ၃၇၃၀ | ၃၇၄၅ | ၃၇၆၅ | ၃၆၈၀ |
| 95 Ron | ၃၈၅၀ | ၃၉၆၀ | ၃၉၃၀ | ၃၈၆၅ | ၃၉၇၀ | ၃၉၈၅ | ၄၀၀၀ | ၃၉၂၀ |
| HSD (500 ppm) | ၄၃၉၀ | ၄၅၀၀ | ၄၄၇၀ | ၄၄၀၅ | ၄၅၁၀ | ၄၅၂၅ | ၄၅၄၀ | ၄၄၆၀ |
| HSD (50 ppm) | ၄၈၂၀ | ၄၉၃၅ | ၄၉၀၀ | ၄၈၃၅ | ၄၉၄၀ | ၄၉၅၅ | ၄၉၇၅ | ၄၈၉၀ |
| HSD (10 ppm) | ၄၈၂၀ | ၄၉၃၅ | ၄၉၀၀ | ၄၈၃၅ | ၄၉၄၀ | ၄၉၅၅ | ၄၉၇၅ | ၄၈၉၀ |

| Fuel (လက်လီဈေးနှုန်း) | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၀၅ | ၃၉၇၅ | ၃၇၀၀ | ၃၇၆၅ | ၃၇၇၀ | ၃၇၃၅ | ၃၇၅၅ | ၄၀၀၅ |
| 95 Ron | ၄၅၆၀ | ၄၂၁၅ | ၃၉၃၅ | ၃၉၉၅ | ၄၀၁၀ | ၃၉၇၅ | ၃၉၉၅ | ၄၂၅၀ |
| HSD (500 ppm) | - | ၄၇၅၅ | ၄၄၇၅ | ၄၉၉၀ | ၄၅၅၀ | ၄၅၁၅ | ၄၅၃၅ | ၄၇၉၀ |
| HSD (50 ppm) | ၄၈၃၀ | ၅၁၈၅ | ၄၉၁၀ | ၅၀၃၀ | ၄၉၈၀ | ၄၉၄၅ | ၄၉၇၀ | ၅၂၂၅ |
| HSD (10 ppm) | - | ၅၁၈၅ | ၄၉၁၀ | ၅၀၄၀ | ၄၉၈၀ | ၄၉၄၅ | ၄၉၇၀ | ၅၂၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၁၉ | ၃၅၂၁ |
| 95 Ron | ၃၆၅၀ | ၃၇၅၇ |
| HSD (500 ppm) | ၄၁၇၃ | ၄၂၈၆ |
| HSD (50 ppm) | ၄၅၉၂ | ၄၇၁၃ |
| HSD (10 ppm) | ၄၅၉၂ | ၄၇၁၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ၂၀၂၆ ခုနှစ် မတ်လ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မတ် ၂၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ၃ ရက်မှ ၆ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မတ်လပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၃ ရက်မှ ၅ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၁ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေခွဲမှ ၃ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ လက်မခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ၁ ပေခန့်နှင့် မဒေါက်မြို့တွင် ၃ လက်မခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ လက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ၃ လက်မခန့်နှင့် ပဲခူးမြို့တွင် ၂ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၃ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ လက်မခန့်၊ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ၁ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၃ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၃ လက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေခွဲမှ ၂ ပေခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

(မိုး/ဇလ)

# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများစာရင်း

**စစ်ချီသီချင်း**

၁။ **ကြည်း၊ ရေ၊ လေ သည် ထာဝရညီ** — ပထမဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၂။ **တပ်မတော်သားပီပီ** — ဒုတိယဆု
မိုးမြင့်ဦး (လုပ်သား-ရုပ)

၃။ **ကြည်း၊ ရေ၊ လေ ညီနောင်တပ်မတော်** — တတိယဆု
ခန့်ငြား (ကေတုမတီ)

၄။ **ပြည်သူ့အတွက် ဒို့တပ်မတော်** — စတုတ္ထဆု
ဇော်မျိုးထွန်း(အုပ်ခွဲတပ်ကြပ်ကြီး)

၅။ **မျိုးချစ်ဒို့စစ်သည်** — ပဉ္စမဆု
ဗိုလ်ထိန် (မီးသတ်)

**စစ်သည်တေးသီချင်း**

၁။ **သူရဲကောင်းစစ်သည်** — ပထမဆု
စုစုဇော်(သီရိခေတ္တရာ)

၂။ **ဂုဏ်ပြုလျက်ပါအဖေ** — ဒုတိယဆု
ခင်ငြိမ်းချမ်းစိုး(သဇင် FM)

၃။ **ကျွန်တော်စစ်သားပါ** — တတိယဆု
ကျော်ဆွေအောင်

၄။ **မေ့စစ်သားမောင်** — စတုတ္ထဆု
ကေသီအောင်

၅။ **တုနှိုင်းမဲ့စစ်သည်တွေ** — ပဉ္စမဆု
လှိုင်ဝင်းထွန်း

**ကဗျာ(ဝါသနာရှင်)**

၁။ **ညီညာပေါင်းစည်း ရှေ့ခရီး၊ ကောင်းချီးမြတ်မော် တပ်မတော်** — ပထမဆု
ထွန်းထွန်း(လားရှိုး)

၂။ **နိုင်ငံတော်သစ် သမိုင်းတစ်ခေတ်၊ ထုဆစ်ပုံဖော် မြန်မာ့တပ်မတော်** — ဒုတိယဆု
မြတ်မင်းသန့်

၃။ **ရှစ်ဆယ့်တစ်နှစ်မြောက် ကမ္ဘည်းမော်ကွန်း** — တတိယဆု
ရဲကျော်

၄။ **စွမ်းအားထိန်ဝေ နေ့သစ်နေ ပြည်သူ့သားဆွေ ကြည်း၊ ရေ၊ လေ** — စတုတ္ထဆု
ကြေးမုံဖြိုးသန့်( ရွှေရတု)

၅။ **ပြည်မြန်မာရွှေတစ်ခေတ် ထွန်းသစ်စို့လေး** — ပဉ္စမဆု
ထာဝရမွန် (ဂုဏ်ထူးတန်း)

**ကဗျာ(အလွတ်တန်း)**

၁။ **ကျည်ခွံများကပြောသော တာဝန်ကျေသူတို့အကြောင်း** — ပထမဆု
ရဲမင်းစိုး

၂။ **ပြည်ထောင်စုရဲ့ တို့တပ်မတော် နိုင်ငံရွှေခေတ် ပြန်ထုတ်ဖော်** — ဒုတိယဆု
မြတ်ထွဏ်းနောင်

၃။ **ဗန်းမော်၊ တောင်ခမ်း စစ်ဆင်စွမ်း အောင်ပန်း ဂုဏ်ကျော် ပြည့်တပ်မတော်** — တတိယဆု
မျိုးစစ်သည်

၄။ **ရွှေရောင်လင်းသည့်နိုင်ငံတော်နှင့် ပြည်သူချစ်သောတပ်မတော်** — စတုတ္ထဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၅။ **အရေးသုံးပါးဦးထိပ်ထား** — ပဉ္စမဆု
မောင်အေးသန်း(ကြို့ပင်ကောက်)

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **ကျွန်တော့်သားမှာ ကိုယ်ပိုင်အမှတ်ရှိပါတယ်** — ပထမဆု
မနော‌ဖြူ

၂။ **မုန်းမုန်း ချစ်ချစ်** — ဒုတိယဆု
မနောသစ်(ပခုက္ကူ)

၃။ **သူရဲကောင်းတို့၏ ဒိုင်ယာရီ** — တတိယဆု
ရဲမွန်ကျော်

၄။ **အလေးပြုပါသည် ဆရာဖိုးနီ** — စတုတ္ထဆု
မောင်အေးချမ်း(ဓနုဖြူ)

၅။ **အမေဂုဏ်ယူနေပါတော့** — ပဉ္စမဆု
ကိုစော (ပထဝီဝင်)

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **ဝတ်မှုန်ကူးသော နှလုံးသားများ၏ ဝီရအလင်္ကာ** — ပထမဆု
ကျော်တေဇ(ဥက္ကလာ)

၂။ **ပစ်မထားရက်ခဲ့ပါ** — ဒုတိယဆု
မုန်းမောင်မောင်

၃။ **မအေးမြရဲ့ သတ္တိသွေးပျံ့နှံ့လို့နေပါပြီ** — တတိယဆု
နွေးထက်လှိုင်

၄။ **စစ်ကိုမုန်းခဲ့သော်လည်း** — စတုတ္ထဆု
မင်းလပြည့်(ဟားခါး)

၅။ **သစ္စာပန်းခက်ခြောက်တို့၏ ရင်တွင်းစကား** — ပဉ္စမဆု
မောင်မောင်လွင်(ရွှေဘိုသား)

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **တိမ်တိုက်တွေရဲ့အဖြူရောင်သက်တံ** — ပထမဆု
အမောင်

၂။ **အလွမ်းတွေဝေးလို့ ပန်းတွေဝေစေ** — ဒုတိယဆု
ရှားမိန်း

၃။ **စစ်သားဂုဏ်ရည်** — တတိယဆု
ကျော်စိုး(ဒိုက်ဦး)

၄။ **စိန်ပန်းနီနီနှလုံးသား** — စတုတ္ထဆု
ဟန်ညွန့်(ယဉ်ကျေးမှု)

၅။ **လှိုင်းကြီးလို့လေထန် ရေဆန်ကိုလှော်ခတ်ကြမည်** — ပဉ္စမဆု
တင်ဦး(ရန်ကင်း)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **သစ္စာစမ်းမှာ ပန်းစုံလန်းသည်** — ပထမဆု
ပိုင်ဇင်ဇော်(သတ္တု)

၂။ **လက်ဆင့်ကမ်းအမွေ** — ဒုတိယဆု
ခန့်ပိုင်

၃။ **မလေးမောင်ချစ်မငြီးနိုင်** — တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **မမေ့ဘယ်ခါ နှလုံးသားထဲကကြည်ပြာ** — စတုတ္ထဆု
မောင်စူးရှ(အနောက်ရိုးမ)

၅။ **ရွံ့ကြောက်မဲ့တွန် နိုင်ငံ့ဝန်၌** — ပဉ္စမဆု
ရဲခေါင်

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကန့်ကြီးထောင့်မြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းနှကြာ စံကွက်ရိတ်သိမ်း

ကန့်ကြီးထောင့်     မတ်     ၂၀

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ် ကွင်းယားကြီးကျေးရွာ၌ ဆီထွက်သီးနှံ ဆောင်းနှကြာစံကွက်ရိတ်သိမ်းပွဲကို မတ်လ ၁၉ ရက်တွင် ကျင်းပသည်။

အဆိုပါ ဆီထွက်သီးနှံဆောင်းနှကြာစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးမြင့်အောင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးဦးသိန်းနိုင်စိုးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများက ကွင်းယားအရှေ့ကျေးရွာအုပ်စု ကွင်းယားကြီးကျေးရွာရှိ တောင်သူဦးဆန်းဦး၏ လယ်ဧရိယာ ၁၀ ဧကရှိ ဆီထွက်သီးနှံ ဆောင်းနှကြာစံကွက်ကို ရိတ်သိမ်းခဲ့ကြရာ တစ်ဧကပျှမ်းအစို ၅၃ ဒသမ ၅၂ တင်းနှုန်း၊ အခြောက် ၄၅ တင်းနှုန်းထွက်ရှိကြောင်းသိရသည်။

**ကျော်ဇင်စိုး (ပြန်/ဆက်)**

## ကလိန်အောင်မြို့ သမိုင်းဝင်ဆုတောင်းပြည့်ဆံတော်ရှင်ဘုရား၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိ

ကလိန်အောင်   မတ်   ၂၀

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ အထင်ကရဖြစ်သော သမိုင်းဝင် ရှင်ကိုးရှင်ဘုရားတွင် တစ်ရှင်ဖြစ်သည့် ကလိန်အောင်မြို့ သမိုင်းဝင်ဆုတောင်းပြည့် ဆံတော်ရှင်စေတီတော်မြတ်ကြီး၌ ယခုအခါ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများနှင့်ဒေသခံဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။




"အခုကာလက နွေရာသီကျောင်းပိတ်ရက်လည်းဖြစ်တယ်။ ဒါကြောင့်မို့ အားလပ်တဲ့အချိန်မှာ ထားဝယ်မြို့ဘက်မှာရှိတဲ့ သမိုင်းဝင်ရှင်ကိုးရှင်ဘုရားကိုလာရောက်ဖူးမြော်တာဖြစ်ပါတယ် "ဟု မော်လမြိုင်မြို့နယ်မှ ဘုရားဖူးသူတစ်ဦးက ပြောသည်။

ထိုသို့အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဘုရားဖူးဧည့်သည်များက ဒေသထွက်စားသောက်ကုန်များ၊ အဝတ်အထည်များ၊ လက်မှုအနုပညာအမှတ်တရလက်ဆောင်ပစ္စည်းများကို ဝယ်ယူကြသည်။

တနင်္သာရီတိုင်းဒေသကြီးတွင်ထင်ရှားကျော်ကြားသော ရှင်ကိုးရှင်သမိုင်းဝင် ဆုတောင်းပြည့်စေတီတော်မှ တစ်ရှင်ဖြစ်သော ကလိန်အောင်မြို့ ဆုတောင်းပြည့်ဆံတော်ရှင်ဘုရားသည် သွားလာရေးလွယ်ကူပြီး ကားလမ်းမကြီးနှင့်နီးသည့်အတွက် တောင်ခြေမှဖူးမြော်မည်ဆိုပါက မုခ်ဦးမှစေတီတော်အထိ ၂ မိုင် ၅ ဖာလုံအထိရှိပြီး ကား/ဆိုင်ကယ်ဖြင့်သော်လည်းကောင်း၊ ခြေလျင်တက်၍လည်းကောင်းဖူးမြော်ကြည်ညိုနိုင်ကြောင်း သိရသည်။

(၄၁၂)

❐ **ကျောဖုံးမှအဆက်**

များနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါ ဒုစရိုက်မှုနှိမ်နင်းရေး လုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်၊ တော်ရွက်ရပ်ကွက်နှင့် စွမ်စော်ရပ်ကွက်များအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ အခြေပြုလုပ်ကိုင်လျက်ရှိကြောင်း ဒေသခံတာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် အဆိုပါနေရာများသို့သွားရောက်၍ လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်းများကို တစ်ချိန်တည်းတစ်ပြိုင်တည်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ကောင်းမှုတုံရပ်ကွက်အတွင်းရှိနေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လျက်ရှိသည့် တရုတ်နိုင်ငံသား ကျား ၈၅ ဦးကို ဖုန်းမျိုးစုံ ၂၈၆ လုံး၊ ကွန်ပျူတာ ၃၀ လုံး၊ Laptop ၂၈ လုံး၊ အဆောက်အအုံ ၁ လုံးတို့နှင့်အတူလည်းကောင်း၊ တော်ရွက်ရပ်ကွက်အတွင်းရှိနေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် ဖုန်းမျိုးစုံ ၄၆ လုံး၊ ကွန်ပျူတာ ၁၈ လုံးတို့ကိုလည်းကောင်း၊ စွမ်စော်ရပ်ကွက်အတွင်းရှိနေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ ၈၅ လုံး၊ ကွန်ပျူတာ ၁၀ လုံးတို့ကိုလည်းကောင်း အသီးသီးဖော်ထုတ်တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်၊ ကောင်းစံကျေးရွာ အနီးတစ်ဝိုက်တွင် နယ်မြေရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်စဉ် ယနေ့ညနေပိုင်း၌ အဆိုပါကျေးရွာ၏အနောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာတွင် အလျား ၁၃၀ ပေ၊ အနံ ၅၀ ပေရှိ အဆောက်အအုံ ၂ လုံး၊ အလျား ၉၀ ပေ၊ အနံ ၃၀ ပေရှိ လူနေအဆောက်အအုံ ၃ လုံး၊ အလျား ၆၀ ပေ၊ အနံ ၃၀ ပေရှိ လူနေအဆောက်အအုံ ၃ လုံး၊ အလျား ၁၅၀ ပေ၊ အနံ ၅၀ ပေရှိ ဂိုဒေါင် ၁ လုံး၊ အလျား ၁၈၀ ပေ၊ အနံ ၆၀ ပေရှိ အဆောက်အအုံ ၁ လုံး၊ Starlink ၁၀ လုံး၊ All in One ကွန်ပျူတာ ၅၅ လုံး၊ Power Station ၁၀ လုံးနှင့် ဆက်စပ်ပစ္စည်းများအား ထပ်မံဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါအွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်လျက်ရှိသည့် ဖမ်းဆီးရမိသူများနှင့် သိမ်းဆည်းရမိဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)




မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်အတွင်း တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံအား တွေ့မြင်ရစဉ်။



မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်အတွင်း တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား တွေ့မြင်ရစဉ်။




မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံနှင့် ဆက်စပ်ပစ္စည်းများအား တွေ့မြင်ရစဉ်။




လဲချားမြို့နယ် ကောင်းစံကျေးရွာအနီး၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံများအား တွေ့မြင်ရစဉ်။

လဲချားမြို့နယ် ကောင်းစံကျေးရွာအနီး၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား တွေ့မြင်ရစဉ်။



All In One Computer များအား တွေ့မြင်ရစဉ်။



Star Link များအား တွေ့မြင်ရစဉ်။

# ပရီးမီးယားလိဂ်ပြိုင်ပွဲ စပိန်လာလီဂါပြိုင်ပွဲနှင့် အီတလီစီးရီးအေပြိုင်ပွဲများ ပွဲကြိုသုံးသပ်ချက်




## ဘရိုက်တန် Vs လီဗာပူး

**ကစားမည့် ရက် / အချိန်**

(၂၁-၃-၂၀၂၆ ရက် ည ၇:၀၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

လီဗာပူး ၃ - ၀ ဘရိုက်တန်

လီဗာပူး ၂ - ၀ ဘရိုက်တန်

ဘရိုက်တန် ၃ - ၂ လီဗာပူး

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ဘရိုက်တန် | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(နိုင်) |
| လီဗာပူး | ဝေး(ရှုံး) | အိမ်(သရေ) | အိမ်(နိုင်) |

**ခန့်မှန်းရလဒ်**

ဘရိုက်တန် ၁ - ၂ လီဗာပူး

ဘရိုက်တန်အသင်းအတွက် တန်းဆင်းဇုန်ဖိအားမရှိသလို ဥရောပဝင်ခွင့်အတွက်လည်း မျှော်လင့်ချက်နည်းပါးနေလို့ အခုပွဲစဉ်မှာ ဖိအားမရှိဘဲ လီဗာပူးအသင်းကို ရင်ဆိုင်ရမှာပါ။ ဘရိုက်တန်အသင်းက အိမ်ကွင်းဆိုရင် အသင်းကြီးတွေကို အခက်တွေ့အောင် ကစားနိုင်စွမ်းရှိနေလို့ အခုပွဲစဉ်မှာလည်း လီဗာပူးအသင်းကို အခက်တွေ့အောင်ကစားနိုင်မှာပါ။ ဘရိုက်တန်အသင်းရဲ့ ဒီရာသီ ပရီးမီးယားလိဂ်အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင်တော့ ၁၅ ပွဲကစားပြီးချိန်မှာ ခြောက်ပွဲနိုင်၊ ခြောက်ပွဲသရေရလဒ်နဲ့ သုံးပွဲရှုံးနိမ့်ခဲ့ပြီး သာမန်စွမ်းဆောင်ရည်သာရှိတာကိုတွေ့ရမှာပါ။

လီဗာပူးအသင်းအတွက်ကတော့ အမှတ်ပေးဇယားအဆင့်(၅)နေရာမှာ ရပ်တည်နေတယ်ဆိုပေမယ့် အဆင့်(၄)နေရာက အက်စ်တွန်ဗီလာအသင်းနဲ့ ရမှတ် နှစ်မှတ်သာကွာဟနေလို့ ရမှတ်လိုအပ်ချက်တွေကြီးမားနေပါတယ်။ လီဗာပူးအသင်းအတွက် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိဖို့အတွက်ဆိုရင် လက်ကျန်ပွဲစဉ်အားလုံးအနိုင်ရရှိဖို့ လိုအပ်နေပါတယ်။ လီဗာပူးအသင်းရဲ့ ဒီရာသီပရီးမီးယားလိဂ်အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း ၁၅ ပွဲကစားပြီးချိန်မှာ ခြောက်ပွဲနိုင်၊ ခြောက်ပွဲသရေနဲ့ သုံးပွဲရှုံးနိမ့်ထားလို့ စွမ်းဆောင်ရည်ပိုင်းက အားရစရာမကောင်းဘူးဆိုပေမယ့် လက်ကျန်ပွဲစဉ်တွေမှာ ရမှတ်လိုအပ်ချက်တွေရှိနေလို့ အဝေးကွင်းဆိုပေမယ့် အနိုင်သုံးမှတ်အတွက် အကောင်းဆုံးပြင်ဆင်လာမှာပါ။ လီဗာပူးအသင်းတိုက်စစ်ပိုင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ဂိုးသွင်းအားပြန်လည်ကောင်းမွန်နေလို့ ဘရိုက်တန်အသင်း ခံစစ်ပိုင်းကို ဖိအားပေးကစားနိုင်မှာပါ။ လီဗာပူးအသင်းအနေနဲ့ အက်စ်တွန်ဗီလာအသင်း၊ ချယ်လ်ဆီးအသင်းတို့နဲ့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက်အားပြိုင်နေရလို့ အဝေးကွင်းဆိုပေမယ့် သေချာပြင်ဆင်လာမှာပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် လီဗာပူးအသင်းက ၁၄ ကြိမ် အနိုင်ရရှိထားပါတယ်။ ဘရိုက်တန်အသင်းကတော့ လေးကြိမ်သာအနိုင်ရရှိပြီး လေးကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ လီဗာပူးအသင်းက အသာစီးမှာရှိနေပါတယ်။ ဒါကြောင့် အဝေးကွင်းဆိုပေမယ့် ရမှတ်လိုအပ်ချက်ရှိနေတဲ့ လီဗာပူးအသင်းပဲ အနိုင်ရယူသွားမှာပါ။

## ဆီဗီလာ Vs ဗလင်စီယာ

**ကစားမည့် ရက် / အချိန်**

(၂၂-၃-၂၀၂၆ ရက် နံနက် ၂:၃၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

ဗလင်စီယာ ၁ - ၁ ဆီဗီလာ

ဗလင်စီယာ ၁ - ၀ ဆီဗီလာ

ဆီဗီလာ ၁ - ၁ ဗလင်စီယာ

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ဆီဗီလာ | ဝေး(သရေ) | အိမ်(သရေ) | ဝေး(ရှုံး) |
| ဗလင်စီယာ | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |

**ခန့်မှန်းရလဒ်**

ဆီဗီလာ ၂ - ၁ ဗလင်စီယာ

ဆီဗီလာအသင်းအနေနဲ့ အမှတ်ပေးဇယားအဆင့်(၁၅)နေရာရောက်ရှိနေပြီး တန်းဆင်းဇုန်က အယ်ချီအသင်းနဲ့ ရမှတ်ကွာဟမှုကလည်း ငါးမှတ်သာရှိနေလို့ လက်ကျန်ပွဲစဉ်တွေမှာ ရမှတ်လိုအပ်ချက်တွေရှိနေတဲ့အတွက် အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့ အကောင်းဆုံးပြင်ဆင်လာမှာပါ။ ဆီဗီလာအသင်းက နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ တစ်ပွဲသာအနိုင်ရရှိတဲ့အထိ ခြေစွမ်းပိုင်းမတည်မငြိမ်ဖြစ်နေတယ်ဆိုပေမယ့် အခုပြိုင်ဘက်အသင်းက ခြေစွမ်းပိုင်းကွာခြားတဲ့အသင်းမဟုတ်လို့ အိမ်ကွင်းမှာ အကောင်းဆုံးတုံ့ပြန်ကစားနိုင်မှာပါ။ ဆီဗီလာအသင်းရဲ့ ဒီရာသီ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း ၁၄ ပွဲကစားပြီးချိန်မှာ လေးပွဲနိုင်၊ လေးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်နဲ့ အားရစရာမရှိဘူးဆိုပေမယ့် ရမှတ်လိုအပ်ချက်တွေရှိနေလို့ အခုအိမ်ကွင်းပွဲစဉ်မှာတော့ အများခံမှာမဟုတ်ပါဘူး။

ဗလင်စီယာအသင်းအနေနဲ့လည်း အဆင့်(၁၄)နေရာမှာဆိုပေမယ့် တန်းဆင်းဇုန်ဖိအားရှိနေဆဲဖြစ်လို့ နောက်ပိုင်းပွဲစဉ်တွေမှာ အများမခံဘဲ သေချာပြင်ဆင်ကစားနေတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ဗလင်စီယာအသင်းက အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံမာကျောမှုရှိတယ်ဆိုပေမယ့် အဝေးကွင်းဆိုရင်တော့ ခြေစွမ်းပိုင်းက စိတ်ချလို့မရပါဘူး။ ဗလင်စီယာအသင်းရဲ့ ဒီရာသီ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကိုကြည့်မယ်ဆိုရင်လည်း ၁၄ ပွဲကစားပြီးချိန်မှာ နှစ်ပွဲတည်းသာအနိုင်ရရှိခဲ့ပြီး သုံးပွဲသရေရလဒ်နဲ့ ကိုးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းက အတော်လေးဆိုးရွားနေတာကို တွေ့ရမှာပါ။ ဒါ့ပြင် အဝေးကွင်းဆိုရင် ခံစစ်ပိုင်းကလည်း ပွဲစဉ်တိုင်းဂိုးပေးနေရလို့ အခုအဝေးကွင်းပွဲစဉ်မှာလည်း အမြင့်ဆုံးအနေနဲ့ သရေရလဒ်သာ မျှော်လင့်နိုင်မှာပါ။

ဒီနှစ်သင်းကြားထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ပြန်ကြည့်မယ်ဆိုရင်တော့ ဆီဗီလာအသင်းက ၁၅ ကြိမ်အနိုင်ရရှိထားပါတယ်။ ဗလင်စီယာအသင်းကတော့ ၁၁ ကြိမ်အနိုင်ရရှိပြီး ၁၀ ကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ ကြီးကြီးမားမားအသာစီးရရှိထားတာတော့ မရှိပါဘူး။ လက်ရှိ ဒီနှစ်သင်းရဲ့ခြေစွမ်းပိုင်းကလည်း ကွာခြားမှုမရှိလို့ အိမ်ရှင်အားသာချက်နဲ့ ကစားလာမယ့် ဆီဗီလာအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။



## ဂျူဗင်တပ်စ် Vs ဆက်ဆူအိုလို

**ကစားမည့် ရက် / အချိန်**

(၂၂-၃-၂၀၂၆ ရက် နံနက် ၂:၁၅ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

ဆက်ဆူအိုလို ၀ - ၃ ဂျူဗင်တပ်စ်

ဂျူဗင်တပ်စ် ၃ - ၀ ဆက်ဆူအိုလို

ဆက်ဆူအိုလို ၄ - ၂ ဂျူဗင်တပ်စ်

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ဂျူဗင်တပ်စ် | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(နိုင်) |
| ဆက်ဆူအိုလို | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(ရှုံး) |

**ခန့်မှန်းရလဒ်**

ဂျူဗင်တပ်စ် ၃ - ၁ ဆက်ဆူအိုလို

နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေပြန်လည်ကောင်းမွန်နေတဲ့ ဂျူဗင်တပ်စ်အသင်းက အခုအိမ်ကွင်းပွဲစဉ်မှာလည်း ဆက်ဆူအိုလိုအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ ဂျူဗင်တပ်စ်အသင်းအနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိဖို့အတွက် ကိုမိုအသင်း၊ ရိုးမားအသင်းတို့နဲ့ အားပြိုင်နေရလို့ လက်ကျန်ပွဲစဉ်တွေမှာ ရလဒ်ကောင်းတွေရရှိဖို့ လိုအပ်နေပါတယ်။ ဒီရာသီ ဂျူဗင်တပ်စ်အသင်းရဲ့ စီးရီးအေအိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကိုကြည့်မယ်ဆိုရင်လည်း ၁၅ ပွဲကစားပြီးချိန်မှာ ခုနစ်ပွဲနိုင်၊ သုံးပွဲသရေနဲ့ ငါးပွဲရှုံးရလဒ်ထွက်ပေါ်ထားလို့ စွမ်းဆောင်ရည်ပိုင်းက အားရစရာတော့မရှိပါဘူး။ ဒါပေမဲ့ ဂျူဗင်တပ်စ်အသင်းအတွက် လက်ကျန်ပွဲစဉ်တွေမှာ ရလဒ်ကောင်းမှသာ ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရရှိဖို့မျှော်လင့်နိုင်မှာဖြစ်လို့ အခုအိမ်ကွင်းမှာတော့ အများခံမှာမဟုတ်ပါဘူး။ ဂျူဗင်တပ်စ်အသင်းတိုက်စစ်ပိုင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ဂိုးသွင်းအားကောင်းနေလို့ ဆက်ဆူအိုလိုအသင်းခံစစ်ပိုင်းကို အလုပ်ရှုပ်စေမှာ အမှန်ပါပဲ။ ဂျူဗင်တပ်စ်အသင်းက အိမ်ကွင်းမှာ ၂၀၂၁ ခုနှစ်နောက်ပိုင်း ဆက်ဆူအိုလိုအသင်းကို ရှုံးနိမ့်ထားခြင်းမရှိသေးပါဘူး။

ဆက်ဆူအိုလိုအသင်းအတွက်ကတော့ တန်းဆင်းဇုန်ဖိအားမရှိတော့သလို ဥရောပဝင်ခွင့်အတွက်လည်း မျှော်လင့်ချက်မရှိတော့ပါဘူး။ ဒါ့ပြင် လက်ကျန်ပွဲစဉ်တွေမှာ ရမှတ်လိုအပ်ချက်မရှိတော့လို့ ဖိအားမရှိဘဲ ရင်ဆိုင်ရမှာပါ။ ဆက်ဆူအိုလိုအသင်းက နောက်ပိုင်းနှစ်တွေမှာ ဂျူဗင်တပ်စ်အသင်း အိမ်ကွင်းမှာ သွားရောက်ကစားရတိုင်း ရုန်းကန်ရလေ့ရှိပြီး ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကိုလည်း တွေ့ရမှာပါ။ ဆက်ဆူအိုလိုအသင်းရဲ့ ဒီရာသီ စီးရီးအေအဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကိုကြည့်မယ်ဆိုရင် ၁၄ ပွဲကစားပြီးချိန်မှာ ငါးပွဲနိုင်၊ သုံးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ထွက်ပေါ်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းက အားရစရာမရှိဘဲ ရုန်းကန်နေရတာကို တွေ့ရမှာပါ။ ဆက်ဆူအိုလိုအသင်းက နောက်ဆုံးကစားတဲ့ နှစ်ပွဲဆက်ရှုံးနိမ့်ထားပြီး ခြေစွမ်းပိုင်းကလည်း အကျဘက်ရောက်နေတာကိုတွေ့ရမှာပါ။ ဒါ့ပြင် အသင်းခံစစ်ပိုင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ အမှားအယွင်းများနေလို့ ဂျူဗင်တပ်စ်အသင်း တိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့အတွက် လိုအပ်ချက်ရှိနေမှာ အမှန်ပါပဲ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာတော့ ဂျူဗင်တပ်စ်အသင်းက ၁၈ ကြိမ် အနိုင်ရရှိထားပါတယ်။ ဆက်ဆူအိုလိုအသင်းကတော့ လေးကြိမ်သာအနိုင်ရရှိပြီး သုံးကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်ရော တွေ့ဆုံမှုအပိုင်းမှာပါ အသာစီးမှာရှိနေတဲ့ ဂျူဗင်တပ်စ်အသင်းပဲ အိမ်ကွင်းမှာ အနိုင်ရမှာသေချာပါတယ်။

**စည်သူအောင်**

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များနှင့် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ



အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် မတ် ၂၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၈ ရက်**တွင် ဘားအံမြို့နယ်၊ လွန်းညကျေးရွာ၌ မော်တော်ယာဉ်(၈)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၅၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၃၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် (၆)စီး၊ လိုင်စင်ရှိမော်တော်ယာဉ်(၂)စီး၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၅၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၈၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၇ ရက်**တွင် စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၁ ရက်**တွင် မြိတ်မြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့အတွင်း၌တရားမဝင် အခြားသစ် (၆ ဒသမ ၃၂၉)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၄၇၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၇ ရက်**တွင် ပဲခူးမြို့နယ်၊ သနပ်ပင်–မင်းရွာကားလမ်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၆၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၂ ရက်နှင့် ၁၅ ရက်**တို့တွင် စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့အတွင်း၌ မော်တော်ယာဉ်(၇)စီးပေါ်မှ တရားမဝင်ကျွန်းသစ် (၁၂ ဒသမ ၃၈၁)တန်၊ သစ်မာ (၁ဒသမ ၂၄၈)တန်၊ အခြားသစ်(၅၇ ဒသမ ၆၆၈) တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၅၁၃၈၄)နှင့်အဆိုပါသစ်များ တင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် (၆)စီး၊ လိုင်စင်ရှိ မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈၈၅၁၃၈၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၆ ရက်နှင့် ၁၇ ရက်**တို့တွင် မော်လမြိုင်မြို့နယ်၊ ဈေးကြိုရပ်ကွက်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (၁၂)ဂါလန်၊ ဓာတ်ဆီ (၈)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၅၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ ဘီးလင်းမြို့နယ်၊ ဒေါက်ရပ်ကျေးရွာ၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၀၅၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Win Myanmar Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၄၃၆၅၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၇ ရက်**တွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်နှင့် တာမွေမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၃၂၇)တန်၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၉၂၄၀၀)နှင့် လိုင်စင်မဲ့သစ်တင်မော်တော်ယာဉ်(၁)စီး၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၉၂၄၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁၇ ရက်**တွင် ဟိုပုံးမြို့နယ်၊ မြို့ဝင်/ထွက်တိုးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကိုလည်းကောင်း၊ ဟိုပုံးမြို့နယ်၊ လွယ်တောင်းကျေးရွာ၌ မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၀၄၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀)ကိုလည်းကောင်း၊ ဟိုပုံးမြို့နယ်၊ နေမင်းရောင်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၃)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၈)မျိုး၊ လျှပ်စစ်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၂၀၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီးနှင့် လိုင်စင်ရှိမော်တော်ယာဉ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀၀၀) ကိုလည်းကောင်း၊ တောင်ကြီးမြို့နယ်၊ သစ်တောရပ်ကွက်၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၆၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၉၈၀၅၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ လားရှိုးမြို့နယ်၊ ရပ်ကွက်(၈)၊ သိန္နီလမ်းမပေါ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀)ကိုလည်းကောင်း၊ လားရှိုးမြို့နယ်၊ ရပ်ကွက် (၁)အနီး၌ မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၇၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် (၂)စီးနှင့် လိုင်စင်ရှိမော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၉၉၉၉၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **မတ်လ ၁၆ ရက်**တွင် ဇလွန်မြို့နယ်နှင့် ရေကြည်မြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၄၈၀)တန်၊ အခြားသစ် (၁ ဒသမ ၂၆၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၇၂၂၈)ကို သစ်တောဥပဒေအရလည်းကောင်း၊ မအူပင်မြို့နယ်နှင့်ဟင်္သာတမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၇၁၂၂၈)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **မတ်လ ၁၇ ရက်**တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၁၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Dump Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ကုန်လှောင်ရုံ၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၆၁၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၂၄၂၁၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်**တွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ စစ်တောင်းတံတား(သံတံတား) စစ်ဆေးရေးဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ Hino Ranger (၆)ဘီး မော်တော်ယာဉ် (၁)စီးပေါ်မှ ဆာလာအိတ်(၄၀)အိတ်အတွင်း၌ စိတ်ကြွရူးသွပ်ဆေးပြား (၈၀၀၀၀၀)ပြား၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀၀၀) အမှုတွဲ(၁)မှုကို ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် **မတ်လ ၂၀ ရက်** တွင် ပဲခူးတိုင်းဒေသကြီးမှ ဖမ်းဆီးရမိမှု အမှုတွဲ (၁)မှု၊ ရန်ကုန်တိုင်းဒေသကြီးမှ ဖမ်းဆီးရမိမှု အမှုတွဲ (၁၂)မှု၊ စုစုပေါင်းအမှုတွဲ (၁၄)မှု၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၃၉၁၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေနှင့်အညီ အမှုတွဲဖွင့်လှစ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်၊ ၁၂ ရက်၊ ၁၅ ရက်၊ ၁၆ ရက်၊ ၁၇ ရက်၊ ၁၈ ရက်နှင့် ၂၀ ရက်**တို့တွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု အပါအဝင် **စုစုပေါင်းမှာအမှုတွဲ (၇၈)မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၆၂၄၃၂၉၈၁၂)** ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကိုထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေသည့်အပြင် မူးယစ်ဆေးဝါးများထုတ်လုပ်ဖြန့်ဖြူးခြင်းကြောင့်လည်း လူသားမျိုးနွယ်အတွက် လူညွန့်တုံးပျက်စီးစေသည့် အန္တရာယ်များဖြစ်ပေါ်စေနိုင်၍ ၎င်းတရားမဝင်တင်သွင်းမှုများနှင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖြန့်ဖြူးမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ


ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
နှင့်
Mount Pleasant Coffee
PURE ARABICA COFFEE
MOUNT PLEASANT COFFEE
2 plus 1
Black Coffee
PYIN OO LWIN
NAN MYAING
2+1 coffee
Drip Coffee
ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
THE BEST QUALITY TYRE
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
ဆိုင်ကယ်တာယာ
ကားတာယာ
သုံးဘီးတာယာ


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ
(နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၀၈၀၊ ၀၆၇ ၄၄၃၅၀၈၂၊ ၀၆၇ ၄၄၃၅၀၈၅၊ ၀၆၇ ၄၄၃၅၀၈၄၊ Fax - ၀၆၇ ၄၄၃၅၀၈၈၊ Email; myanmarland2005@gmail.com


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
AUSTRALIAN INTERNATIONAL BEER AWARDS
GOLD 2019

❖ **ဘာသာစကားတစ်ခု၏တန်ဖိုးကို မိမိမွေးရပ်ဇာတိတိုင်းပြည်မဟုတ်သည့် နိုင်ငံရပ်ခြားဒေသတစ်ခုသို့ရောက်ရှိချိန်မှ ပိုမိုနားလည်သိရှိတတ်ကြကြောင်း...**

❖ **ထိုအခါမှမိမိတို့၏ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်စာပေသည် ပိုမိုလေးနက်သည်ကိုသိရှိလာကြ...**

❖ **ဒီမြေမှာမွေးဒီမြေမှာကြီးပြင်းသူတိုင်းသည် မိမိတို့၏ကိုယ်ပိုင်စာပေနှင့် ဘာသာစကားကို အလေးအနက်ထားကြရန်လို...**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ပြုလုပ်သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈) ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ အမျိုးသား ၂၀ ဦးနှင့် အမျိုးသမီး ၁ ဦး၊ AA အဖွဲ့ဝင် အမျိုးသား ၁ ဦး၊ ပေါင်း ၂၂ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် မတ် ၂၀

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ အမျိုးသား ၂၀ ဦးနှင့် အမျိုးသမီး ၁ ဦး၊ AA အဖွဲ့ဝင် အမျိုးသား ၁ ဦး၊ ပေါင်း ၂၂ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့ နံနက်ပိုင်းတွင်

စာမျက်နှာ ၂၄ ကော်လံ ၁ ◆




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးထံ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်ခဲယမ်းများကို လွှဲပြောင်းအပ်နှံစဉ်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်တို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



မူဆယ်မြို့၊ ကောင်းမှုတံုရပ်ကွက်အတွင်း တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများနှင့် ဆက်စပ်ပစ္စည်းများအား တွေ့မြင်ရစဉ်။

နေပြည်တော် မတ် ၂၀

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရ

စာမျက်နှာ ၂၇ ကော်လံ ၁ ❐

**ဆောင်းပါး**

ရေကဏ္ဍစုံဖွံ့ဖြိုးဖို့ ကျား၊ မတန်းတူ ပါဝင်စို့

စာ - ၁၃ သို့

\- - - - - -

မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၆၂ ဦး အား မြဝတီမြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ ကျွန်းတောလမ်းရှိ အထည်ချုပ်စက်ရုံဟောင်း အတွင်း ဖမ်းဆီးရမိ

စာ - ၃၀ သို့

\- - - - - -

**နိုင်ငံတကာသတင်း**

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခကြောင့် ၂၀၂၆ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေး တိုးတက်မှုနှေးကွေး မည်ဟုဆို

စာ - ၃၃ သို့

